AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

Book.34(620-636) ပန်းနန်းတော်

၏တည်ထောင်သူဘိုးဘေး ဆင်းသက်လာခြင်း

.620

.621

.622

.623

.624

.625

.626

.627

.628

.629

.630

.631

.632

.633

.634

.635

.636

၆၂၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၀ – အလောင်းကောင်ဘိုးဘေး

ပတ်ဝန်းကျင်မှ သွေးအဆီအနှစ်များ၊

ယင်ချီများ

ဦးခေါင်းခွံထဲသို့ အဆက်မပြတ်

တိုးဝင်လာသည်နှင့်အမျှ သိုင်းဘုရင်မြို့ထဲ၌

ပြင်းထန်လှသည့်

သတ်ဖြတ်ခြင်းအငွေ့အသက်များ နှင့်

အဖြူရောင်စွမ်းအင်များ ပေါ်လာသည်။

ဦးခေါင်းခွံက အဆက်မပြတ်
လှည့်ပတ်နေပြီးမြို့တွင်းရှိ
သွေးအဆီအနှစ်များနှင့်
မကောင်းဆိုးဝါးချီများကို
စုပ်ယူလိုက်သောကြောင့် ခဏအကြာတွင်
တဖြည်းဖြည်းနှင့် ခန္ဓာကိုယ်တစ်ခု
စတင်ကြီးထွားလာသည်။

ထို့နောက်တွင်တော့ အရိုးစုခန္ဓာကိုယ်
၏လက်ထဲ၌ သွေးဓားကြီးတစ်ချောင်း
ဖြည်းညှင်းစွာပေါ်လာသည်။

ယခုအချိန်တွင် အရိုးခေါင်းက မြို့တစ်ခုလုံးရှိ သွေးအဆီအနှစ်များ နှင့် မကောင်းဆိုးဝါး(ယင်ချီ)ချီများကို တစ်ဝက်မျှလောက်သာ စုပ်ယူရသေးသည်။

အကြံပေး ကျူး က သူ့ရှေ့မှ အရိုးစုကို ကြည့်ရင်း မျက်နှာတွင် လေးနက်သည့် အမူအရာပေါ်လာကာသူ့ညာလက်က သစ်သားပြားတစ်ခုကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်သည်။

ယန်ယဲ့ ကို သတ်ဖြတ်ရန်
ရည်ရွယ်ချက်ကြောင့်သာမဟုတ်လျှင် ဤကဲ့သို့
ရက်စက်ကြမ်းကြုတ်သောသတ္တဝါကို
ဆင့်ခေါ်မည်မဟုတ်ပေ။

သို့သော် တိုက်ကြီး ၏ သိုင်းကျောဇ် များ
ဝင်ရောက်စွက်ဖက်နိုင်ခြင်းမရှိချိန်တွင်
မည်သူကမှ ယန်ယဲ့ ကို
မတားဆီးနိုင်သောကြောင့်ပါ။

ဤအခိုက်တွင် အရိုးစု ၏ညာဖက်မျက်လုံးထဲ၌
နက်ပြာရောင်မီးတောက်တစ်ခု

တဖြည်းဖြည်းပေါ်လာပြီး
အရိုးစုခန္ဓာကိုယ်ကလည်း
ပို၍ကြီးမားလာပါသည်။

မျက်နှာဖြူဖြူလူ ၏အမူအရာသည်လည်း
တဖြည်းဖြည်း နှင့် ပို၍ပင်
လေးနက်လာခဲ့လေသည်။

နောက်ထပ် နှစ်နာရီခန့်အကြာတွင်
အရိုးစု၏ဘယ်ဖက်မျက်လုံး၌
အနီရောင်မီးတောက်ကြီးတစ်ခု
ရုတ်တရက်ပေါ်လာသည်။

ထိုမီးလုံးကြီး ပေါ်လာသည်နှင့် တစ်ပြိုင်နက်
အရိုးစု ၏ပတ်ပတ်လည်
အာကာသဟင်းလင်းပြင် က ချက်ချင်း အမှုန့်
အဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။

ထို့နောက် အရိုးစုခန္ဓာကိုယ်ကြီးက
စတင်လှုပ်ရှားလာပြီး ခေါင်းကိုမော့၍
ကောင်းကင်ထက်သို့
ဟိန်းဟောက်လိုက်လေသည်။

ဂျိန်း!

အရိုးစုမျက်လုံးများမှ သွေးနီရောင်
အလင်းတန်းနှစ်စင်းထွက်လာပြီး
ကောင်းကင်သို့ လွင့်ပျံသွားသည်။

ဤအခိုက်အတန့်တွင်
တောင်ပိုင်းနယ်မြေတစ်ခုလုံးရှိ
ကျင့်ကြံသူများအားလုံး
တုန်လှုပ်ခြောက်ခြားသွားကြသည်။

မဟာချင်အင်ပါယာ ၏တော်ဝင်နန်းတော်..... ။
 တည်ထောင်သူဘေကရာဇ်က
အစည်းအဝေးခန်းမထဲ၌ ရှိနေရင်း

မျက်နှာအမူအရာ
ရုတ်တရက်ပြောင်းလဲသွားကာ သိုင်းဘုရင်မြို့
ဆီသို့ လှမ်းကြည့်လိုက်ပြီး ချက်ချင်းပင် နေရာမှ
ပျောက်ကွယ်သွားခဲ့သည်။

နန်းတော်ရှိ အခြား စစ်ဖက်ဆိုင်ရာအရာရှိများ၊
အဆင့်မြင့်အာဏာပိုင်များ အားလုံး
အံ့သြသွားကြသည်။

မဟာတောင်တန်းများ ၏အလယ်ဗဟို၊
အမှောင်မှော်သားရဲအင်ပါယာ.....။

သားရဲ့ကြေရာဇ်က ကျင့်ကြံနေရာကနေ
ရုတ်တရက် တစ်စုံတစ်ခုကို သတိပြုမိပြီး
မျက်နှာထက်ရှိ အမူအရာက
သိသိသာသာပြောင်းလဲသွားပါသည်။

ထို့နောက်တွင် သိုင်းဘုရင်မြို့ဆီသို့
လှမ်းမျှော်ကြည့်လိုက်ရင်း
သားရဲအင်ပါယာနန်းတော်ထဲကနေ ရုတ်ချည်း
ပျောက်ကွယ်သွားလေသည်။

…

သိုင်းဘုရင်မြို့.....။

"နှစ်ပေါင်း သောင်းချီပြီးရင်…. လူသား… လူသားကမ္ဘာ…။ သွေး…သွေး…။ ဝိညာဉ်တွေ … အများကြီးပဲ…" အရိုးစုက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်၍ လူတိုင်း ၏စိတ်နှလုံးကို ထိတ်လန့်စေသည့် အေးစက်သောအသံများနှင့် အဆက်မပြတ်ရေရွတ်လိုက်သည်။

"အလောင်းကောင်ဘိုးဘေး! ငါ့မင်းကို တစ်ခုခုလုပ်ပေးစေချင်လို့ မင်းပြန်ပြီးအသက်ရှင်လာအောင် သန်းချီတဲ့လူတွေရဲ့သွေးအဆီအနှစ်တွေ၊

နာကြည်းမှုတွေကို အသုံးပြုခဲ့တယ်။ မင်း
အဲဒါကို ပြီးအောင်လုပ်နိုင်ရင်
မင်းရဲ့ခန္ဓာကိုယ်ကို
ပြန်ပြီးတည်ဆောက်ဖို့အတွက်
သန်းထောင်ချီတဲ့ သွေးအဆီအနှစ်တွေနဲ့
နာကြည်းမှုတွေကို ပေးမယ်လို့ လူသားကောရာဇ်
ကိုယ်စား
ငါကတိပေးတယ်။"မျက်နှာဖြူဖြူလူက
အရိုးစုကို ကြည့်၍ ပြောလိုက်၏။

အရိုးစုက မျက်နှာဖြူဖြူလူ ကို လှည့်ကြည့်ပြီး
မျက်လုံးထဲကနေ

သွေးနီရောင်အလင်းတန်းတစ်ခုတောက်ပလာပြီး မတိုက်ခိုက်သေးဘဲ စဉ်းစားခန်းဝင်နေ၏။

မျက်နှာဖြူဖြူလူက
၎င်းကိုမျှော်လင့်ထားပုံရ၏။ ချက်ချင်း
သူ့ခန္ဓာကိုယ်ထဲမှ ဆန်းကြယ်ချီစွမ်းအင်ကို
လက်ဝါးပေါ် ရှိ သစ်သားပြားထဲသို့
ပို့လွှတ်လိုက်ရာ အရိုးစု ၏အမူအရာက
ရုတ်ချည်းပင် ပြောင်းလဲသွားပါတော့သည်။

“အာ!!” အရိုးစု က နာကျင်စွာ
အော်ဟစ်လိုက်ရင်း မျက်လုံးထဲမှ

သွေးနီရောင်အလင်းတန်းသည်လည်း ချက်ချင်းပင် ပျောက်ကွယ်သွား၏။

"အလောင်းကောင်ဘိုးဘေး! ငါ မင်းကို အသက်ပြန်ရှင်အောင်လုပ်နိုင်လို့ ငါ့ကိုယ်ငါ မင်းနဲ့ ရင်ဆိုင်တဲ့ စွမ်းရည်ကို ယုံကြည်တယ်။" မျက်နှာဖြူဖြူလူက မထူးခြားသောလေသံဖြင့် ပြောလိုက်သည်။

“စိတ်ဝိညာဉ်ထိန်းချုပ်ရေးသစ်သား...." အရိုးစု၏အသံသည် အနည်းငယ်တုန်ခါသွားပြီး

မျက်နှာဖြူဖြူလူ ကို ကြည့်ကာ “မင်း… မင်းက ကျူးကလန်! " ဟု အော်ဟစ်လိုက်၏။

၆၂၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၁ – တိုက်ခိုက်ရန်စတင်ပြီ

မျက်နှာဖြူဖြူလူက ထိုမေးခွန်းကို မဖြေဘဲ ပတ်ဝန်းကျင်ကို လက်ညှိုးထိုးပြကာ

“အလောင်းကောင်ဘိုးဘေး!
မင်းသဘောပေါက်လား? ဒီကမ္ဘာကြီးက
လတ်ဆတ်တဲ့သွေးတွေ၊ စိတ်ဝိညာဉ်တွေနဲ့
ပြည့်နေတယ်။

မင်းရဲ့ခန္ဓာကိုယ်ကို
ပြန်ပြီးတည်ဆောက်ချင်တယ်ဆိုရင်
အခြေအနေမှန်ကိုကြည့်ပြီးလုပ်ဆောင်ပါ။

အခုလက်ရှိ မင်းဟာ
လွန်ခဲ့တဲ့အတိတ်ကာလက
အလောင်းကောင်ဘိုးဘေး မဟုတ်တော့ဘူး။"

"လူသား၊ မင်းက အဲဒီ
စိတ်ဝိညာဉ်ထိန်းချုပ်ရေးသစ်သားကို
ပိုင်ဆိုင်ထားလို့ ငါ့ကို ကျွန်တစ်ယောက်လို
ခိုင်းစေနိုင်တယ်လို့ မထင်လိုက်နဲ့။
ငါမင်းကိုငါနဲ့အတူဆွဲချဖို့ဆုံးဖြတ်ရင်
ငါမင်းကိုသတ်နိုင်သေးတယ်လို့ပြောရင်
ငါ့ကိုယုံလား" အလောင်းကောင်ဘိုးဘေး၏
လက်ထဲ၌ဆုပ်ကိုင်ထားသော သွေးဓားကြီးက
ပြင်းထန်သောအငွေ့အသက်များ
အဆက်မပြတ်ထုတ်လွှတ်နေသည်။

"ငါသိတယ်!" မျက်နှာဖြူဖြူလူ က ခေါင်းညိတ်ပြီး “ဒါပေမဲ့ ငါတို့က ဘာလို့ သေတဲ့အထိ တိုက်ခိုက်ရမှာလဲ။ ငါတို့အတူတူအလုပ်လုပ်ရင် မင်းရဲ့ခန္ဓာကိုယ်ကို ပြန်လည်တည်ဆောက်နိုင်ချိန်မှာ ငါ့ရည်မှန်းချက်ကို ပြီးမြောက်အောင်မြင်နိုင်ပါတယ်။ဒါက သိပ်ကောင်းတာ မဟုတ်ဘူးလား။”

ယန်ယဲ့ ကဲ့သို့ ကြောက်မက်ဖွယ် မဟာရန်သူတစ်ဦးကို ရင်ဆိုင်ရခြင်းကြောင့်မဟုတ်လျှင်

ကမ္ဘာ့တာအိုဉပဒေသမျှချေကို
လွှန်ဆန်နေသည့် ဤမကောင်းဆိုးဝါးကို
ပြန်၍အသက်သွင်းမည်မဟုတ်ပေ။

အလောင်းကောင်ဘိုးဘေး က ခဏတာ
တိတ်ဆိတ်သွားပြီးနောက် "ငါဘယ်သူ့ကို
သတ်ရမှာလဲ!"

မျက်နှာဖြူဖြူလူက အနည်းငယ် ပြုံးကာ
ပြောလိုက်၏။ "တိုက်ကြီး ရဲ့ဓားအင်ပါယာ!"

...

ဆေဘာဓားဂိုဏ်း။

သွေးနီရောင်အလင်းတန်းများ
ကောင်းကင်ပေါ်သို့ ကျရောက်လာသည့်အခိုက်
ကောင်းကင်ခန်းမထဲတွင်
အစီအစဉ်ချမှတ်နေသည့် မိန်းမပျိုအားလုံး
၏အမူအရာများ ပြောင်းလဲသွားကြလေသည်။

ထို့နောက်တွင် အားလုံး ခန်းမထဲကနေ ပြေးထွက်လာပြီး သိုင်းဘုရင်မြို့ဆီသို့ စူးစိုက်ကြည့်လိုက်ကြသည်။

စုချင်းရှီ က သိုင်းဘုရင်မြို့အထက် ကောင်းကင်တွင် ဖုံးလွှမ်းနေသည့် သွေးတိမ်တိုက်ကြီးကိုငေးကြည့်နေရင်း မေးလိုက်သည်။ "အဲဒါဘာလဲ? သေခြင်းအရှိန်အဝါတွေ အရမ်းထူထပ်နေတယ်။"

တင်းရှောက်ယောင် လည်း
ခဏာတာတိတ်ဆိတ်သွားသာ
သူမ၏အမူအရာက ရုတ်တရက်
ပြောင်းလဲသွားတော့သည်။

“အဲဒါ မကောင်းဘူး မထင်ဘူး။ ကျိုးကျန်းဖေး
နဲ့ တခြားလူတွေက အကုန်လုံးပေါင်းပြီး ယန်ယဲ့
ကို တားဆီးတော့မယ်။ ယန်ယဲ့ က
အန္တရာယ်ရှိနေပြီ။"

ဤစကားကို ကြားသောအခါ မိန်းမပျိုအားလုံး၏အမူအရာများ ချက်ချင်းဆိုသလိုပင် ပြောင်းလဲသွားကြလေသည်။

ရှောင်ယုရှီ က ရုတ်တရက် ကောင်းကင်ခန်းမထဲကနေ ပြေးထွက်ရန်ပြင်လိုက်၏။

သို့သော် တင်းရှောက်ယောင် က တားဆီးလိုက်သည်။ "သူက အန္တရာယ်ပဲရှိတာ သေနိုင်မယ်မထင်ဘူး။ ဘာလို့လဲဆိုတော့ သူနဲ့ နတ်ဘုရားသားရဲ့ရွှေနဂါးပိုင်ဆိုင်ထားတဲ့ခွန်အားနဲ့ဆို ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်

(၃,၀၀၀)က သတ်ပစ်ဖို့ မဖြစ်နိုင်သေးဘူး။
နင်သာ အဲဒီကိုသွားရင် သူ့အာရုံတွေ
တစ်မျိုးပြောင်းသွားလိမ့်မယ်!"

"ဒါဆို ငါတို့ဘာမှမလုပ်ရဘူးလား" ရှောင်ယုရှီ
က စိုးရိမ်သံဖြင့် ပြောလိုက်၏။

တင်းရှောက်ယောင် က ခေါင်းခါပြီး
"ဟုတ်တယ်။အခု
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေအားလုံးပို

ချက်ချင်းခေါ် ပြီး မူလကျောင်းတော် ကို သွားပါ။"

 အခြားမိန်းမပျိုများလည်း အနည်းငယ် ထိတ်လန့်သွားသည်။ လုကျန်းယောင် က ရုတ်တရက် ပြောလာလေသည်။ "ငါတို့တွေ အခုအဆုံးသတ်တိုက်ပွဲစတော့မှာလား?"

တင်းရှောက်ယောင် က " ဒါက သေချာတော့ မပြောနိုင်သေးဘူး။ ကျိုးကျန်းဖေး ရဲ့စရိုက်ကိုအခြေခံရရင်

သူတို့ဘာတွေစီစဉ်နေလဲဆိုတာ ငါမသိပေမယ့် ဒီလောက်တည်ငြိမ်နေတယ်ဆိုတော့ ယန်ယဲ့ နဲ့ရင်ဆိုင်ဖို့ တစ်ခုခုလုပ်ထားတာတော့ သေချာတယ်။

တကယ်လို့ ယန်ယဲ့ သာ အပြင်းအထန် ဒဏ်ရာရသွားရင် ငါတို့ရဲ့အစီအစဉ်တွေက ကျရှုံးသွားလိမ့်မယ်။

ဒီလိုဆိုတော့ ငါတို့က အဲဒီကို မြန်မြန်သွားရမယ်။"

မည်သူမှ ကန့်ကွက်ကြခြင်းမရှိပေ။

သိပ်မကြာခင်မှာပဲ၊
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၁,၀၀၀)က
တစ်ဖွဲ့ချင်းစီဖြင့် မူလကျောင်းတော်ဆီသို့
ချီတက်သွားကြတော့သည်။

တစ်ချိန်တည်းမှာပင် မဟာချင်အင်ပါယာမှ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၃၀၀)ကျော်
နှင့် အမှောင်မှော်သားရဲအင်ပါယာမှ ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင် ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင်

(၃၀၀)ကျော်သည်လည်း မူလကျောင်းတော်သို့ အလျင်အမြန် ရောက်ရှိလာခဲ့လေသည်။

ဤအခိုက်အတန့်တွင် တောင်ပိုင်းနယ်မြေတစ်ခုလုံးမှ လူတိုင်း၏အကြည့်များသည် မူလကျောင်းတော်ရှိရာသို့ ဦးတည်နေကြသည်။

...

မူလကျောင်းတော် ။

ဆူး!

ယန်ယဲ့ လက်တစ်ချက်ယမ်းလိုက်တိုင်း
ဓားချိုကြိုးတစ်ချောင်းထွက်ပေါ်လာပြီး
မူလကျောင်းတော် အကြီးအကဲတစ်ဦးစီ
ခေါင်းများပြတ်တောက်သွားရသည်။

ယန်ယဲ့ သည် အေးစက်စက် ရယ်မောနေရင်း
တစ်စုံတစ်ခုထူးခြားနေသည်ကို သတိပြုမိပြီး

မိုးကုတ်စက်ဝိုင်းဆီသို့ ရုတ်တရက်
လှည့်ကြည့်လိုက်လေသည်။
 ဤအခိုက်တွင် တိမ်တိုက်များကြားကနေ
သွေးနီရောင်အလင်းတန်းနှစ်ခု
ထိုးဖောက်ထွက်လာပြီးကောင်းကင်ထက်မှ
ကျဆင်းလာသည်ကိုမြင်တွေ့လိုက်သည်။

 ယန်ယဲ့ ၏နှလုံးသားထဲ၌ ရုတ်တရက်
အန္တရာယ်အငွေ့အသက်ကို ခံစားမိသွားသည်။

ထိုအခိုက် အနက်ရောင်သံချပ်ကာဝတ်လူ (၂,၀၀၀)က သူ့ပတ်ဝန်းကျင်တွင် ပေါ်လာသည်။

၎င်းတို့အားလုံးက
သာမန်ကျွမ်းကျင်သူများမဟုတ်ပေ၊
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ဖြစ်သည်။

၆၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂ – တာအိုနည်းစနစ် Vs ကောင်းကင်ဖျက်ဆီးခြင်းဓား

ယန်ယဲ့ ၏အမူအရာ အနည်းငယ်ပြောင်းသွားပြီး သူ့ကိုယ်သူ တွေးနေမိသည်။

"မျှော်လင့်ထားသလိုပဲ၊ သူတို့က ငါ့ကို တမင်အချိန်ဆွဲနေတာ။ ဒီသွေးနီရောင် အလင်းတန်း ၂ ခုက ငါ့အတွက် သူတို့

ပြင်ဆင်ထားတဲ့ အစီအစဉ်ထဲက
သေချာတယ်။"

"ယန်ယဲ့! မင်း
အခုမှထွက်သွားဖို့ကြိုးစားရင်အရမ်းနောက်ကျ
နေပြီ!" ထိုအချိန်တွင် ကျိုးကျန်းဖေး က
ပညာရှင်အုပ်စုတစ်စုနှင့်အတူ လေထဲ၌
ပေါ်လာသည်။ "ယန်ယဲ့၊ မင်းက
ဒါတွေအားလုံးကို ရှောင်နိုင်ပေမယ့်
မင်းရောက်လာပြီးမှတော့ ဒီမှာပဲသေလိုက်။
မင်းက ဘယ်လောက်ပဲ အစွမ်းထက်နေနေ ဒီနေ့
ဒီနေရာမှာပဲ သေရမယ်။"

"မင်းတို့အားလုံးနဲ့?" ယန်ယဲ့ က အေးစက်စက်
ရယ်မောလိုက်သည်။
“ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၂,၀၀၀)?
ဟားဟား! ငါထွက်သွားဖို့ ဆုံးဖြတ်ထားရင်
မင်းမှာ နောက်ထပ် အယောက် (၁၀၀၀)
ရှိရင်တောင် မင်းတို့အားလုံး ဘာလုပ်နိုင်မှာလဲ”

"တိုက်ကြီး ရဲ့စားအင်ပါယာက
မျှော်လင့်ထားတဲ့အတိုင်းပဲ။
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၂,၀၀၀)ကို
ရင်ဆိုင်နေရတာတောင်

အရမ်းတည်ငြိမ်နေတယ်။" ကျိုးကျန်းဖေး က အပြုံးတစ်ခုနှင့် ပြောလိုက်သည်။

"ငါတို့ မင်းကို တားလို့ မရဘူးဆိုတာ ငါသိပါတယ်၊ ဒါကြောင့် မင်းအတွက် ပြိုင်ဖက်ကောင်းတစ်ယောက်ကို ငါ အထူးပြင်ဆင်ထားတယ်!"

ယန်ယဲ့သည် စကားစရန်ပြင်လိုက်စဉ် မူလကျောင်းတော် ၏အထက်ကောင်းကင်တွင် သွေးညှီနံ့များပေါ်လာပြီး သွေးရောင်တိမ်တိုက်ကြီးပေါ်လာသည်ကို သတိပြုမိလိုက်သည်။

ထိုအချိန်တွင်

သွေးနီရောင်ပုံရိပ်ကြီးတစ်ခုပေါ်လာပြီး ယန်ယဲ့

ဆီသို့ တိုက်ရိုက် ဦးတည်လာသည်။

ယန်ယဲ့ ၏အမူအရာက သိသိသာ

ပြောင်းလဲသွားပြီး

တန်ပြန်တိုက်ခိုက်ရန်ပြင်လိုက်သည်။

သို့သော် သွေးရောင်ပုံရိပ်ကြီး ၏အရှိန်က

ရုတ်တရက် ပေါက်ကွဲထွက်လာပြီး

အလွန်တရာမြန်ဆန်သောအရှိန်ဖြင့်

သူ့ရင်ဘတ်ကို ထိမှန်သွားလေသည်။

အုန်း!

ယန်ယဲ့ ၏ခန္ဓာကိုယ်က လွင့်ပျံထွက်သွားကာ
မူလကျောင်းတော် ၏ပင်မခန်းမ နောက်ဖက်မှ
တောင်တန်းပေါ်သို့ ပြုတ်ကျသွားသည်။.

အုန်း!
တောင်တန်း ၏ထက်ဝက်က
ချက်ချင်းပြိုကျသွားသည်။

ဤမြင်ကွင်းကြောင့် ပတ်ဝန်းကျင်ရှိ
လူတိုင်းပင်လျှင် အံ့သြတုန်လှုပ်သွားကြသည်။

ဝေါင်း!

ရွှေရောင်နဂါးကြီးက
ဒေါသတကြီးဟိန်းလိုက်သည်။

ဤအခိုက်တွင် ရွှေနဂါးကြီး ၏ကျောပေါ်၌
သွေးနီရောင်အရိုးစုကြီးပေါ်လာသည်။

“အဲဒါ ဒီထောင်စုနှစ် ရဲ့ခြားအင်ပါယာလား။
ဘယ်လောက်တောင် အားနည်းနေလဲ...."

အရိုးစုက ခြေထောက်တစ်ဖက်ကို
စောင့်နင်းကာပြောလိုက်သည်။

အုန်း!

ရွှေနဂါးကြီး ၏ခန္ဓာကိုယ်က မြေပြင်ထဲသို့
နစ်မြုပ်သွားပြီးနောင်
မည်သည့်လှုပ်ရှားမှုမှမရှိတော့ပေ။

အဆိုပါမြင်ကွင်းကြောင့် လူတိုင်း ထပ်မံ၍
အံ့အားသင့်တုန်လှုပ်သွားကြပြန်သည်။

ဂျုန်း

ဤအခိုက်တွင် ကောင်းကင်တစ်ခုလုံး
တုန်ခါသွားပြီး ရောမလက်ဝါးကြီး လေထဲတွင်
ပေါ်လာလေသည်။

ယွမ်ထျန်း ၏အမူအရာလည်း ပြောင်းသွားကာ
ရုတ်တရက် လက်ကို ဝှေ့ယမ်း၍ ၅
ကီလိုမီတာအကွာရှိ မြေပြင်ပေါ်မှ
တပည့်အချို့ကို ချက်ချင်းပို့ဆောင်လိုက်သည်။

သို့သော် အချိန်မှီ
ရှေ့ပြောင်းပေးနိုင်ခြင်းမရှိခဲ့ပေ။
ရောမအနက်ရောင်လက်ဝါးကြီးမှ
ထွက်ပေါ်လာသည့်
ကြောက်မက်ဖွယ်အရှိန်အဝါကြောင့် အားလုံး
ချက်ချင်းပင် သေဆုံးသွားခဲ့လေသည်။

"ဒါက ဒဏ္ဍာရီလာ တာအိုနည်းစနစ်ပဲ။"
တည်ထောင်သူကေရာဇ် ၏အမူအရာက
ပြောင်းသွားကာ လေးနက်သောအသံဖြင့်
ပြောလိုက်သည်။

သားရဲကောင် ၏မျက်ခွံများပင်လျှင်
တဆတ်ဆတ်လှုပ်ယမ်းသွားသည်။

အကြောင်းမှာ ၎င်းတို့အားလုံး
တာအိုနည်းစနစ်များနှင့်ပတ်သက်၍
ဒဏ္ဍာရီများတွင်သာကြားဖူးခဲ့၏။
ထို့အပြင် ၎င်းတို့သည်
ရှေးဟောင်းခေတ်ဦးကာလတွင်သာရှိခဲ့ပြီး
လက်ရှိခေတ်
တိုက်ကြီးတွင်ပျောက်ကွယ်နေခဲ့ကြသည်။

“ဒီကောင်ရဲ့ မူလဇစ်မြစ်က ဘာလဲ။ ဘာလို့ တာအိုနည်းစနစ်ကို ပိုင်ဆိုင်ထားရတာလဲ။" တည်ထောင်သူကေရာဇ် က တိုးညှင်းစွာရေရွတ်ပြီး လက်သီးကိုတင်းတင်းကြပ်ကြပ်ဆုပ်ထားလိုက်သည်။

သားရဲကေရာဇ်က ခေါင်းခါလိုက်သည်။ "အဲဒါက အရေးမကြီးဘူး။ ဒီတိုက်ခိုက်မှုကို ယန်ယွဲ့ ခုခံနိုင်မှာလား?"

တည်ထောင်သူကောရာဇ် က ရှေ့မှ တိုက်ပွဲကို စူးစိုက်ကြည့်ကာ ပြောလိုက်၏။
"ဝင်ပြီးတိုက်ခိုက်ဖို့အသင့်ပြင်ထားတော့!"

သားရဲကောရာဇ်က တည်ထောင်သူကောရာဇ်ကို စိုက်ကြည့်ပြီးနောက် ခေါင်းညိတ်လိုက်သည်။

...

"လူသား! ဒဏ္ဍာရီလာ တာအိုနည်းစနစ် ကို မင်း တစ်ခါမှ မမြင်ဖူးဘူး မဟုတ်လား။ ဟားဟား!"

အရိုးစု၏ အသံက ကျေနပ်အားရမှုဖြင့် ပြည့်နေသည်။

"တာအိုနည်းစနစ်?" ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး ညာလက်ဝါးကိုလှန်ကာ တာအိုရတနာဓားကိုထုတ်ယူလိုက်ရင်း ရှေးဟောင်းဓားအိမ်ထဲသို့ ထည့်သွင်းလိုက်လေသည်။

အမှန်အတိုင်းပြောရလျှင် "ကောင်းကင်ဖျက်ဆီးခြင်းဓားနည်းစနစ်" ကို အသုံးပြုသည့်အခါတိုင်းတာအိုရတနာလက်န

က်တစ်ခုပျက်စီးသောကြောင့် ၎င်းကို
အသုံးမပြုလိုပေ။
သို့သော် ယန်ယဲ့အနေဖြင့်
"ကောင်းကင်ဖျက်ဆီးခြင်းဓားနည်းစနစ်"ကို
အသုံးမပြုပါက
ရောမအနက်ရောင်လက်ဝါးကြီးကို
ရပ်တန့်နိုင်မည်မဟုတ်ကြောင်း သိထားသည်။

ထို့နောက်တွင် ယန်ယဲ့သည် တုံ့ဆိုင်းမနေဘဲ
ရုတ်တရက် သူညာလက်မှ ခွန်အားကို
ပို့လွှတ်လိုက်သည်။

ကလန့်!

ကမ္ဘာလောကတစ်ခုလုံး အလင်းရောင်များ
မှိန်ဖျော့သွားကာ
တောင်ပိုင်းနယ်မြေတစ်ခုလုံးကို
လွှမ်းခြုံထားသည့် ဓားအော်သံ ကြီးတစ်ခု
ထွက်ပေါ်လာခဲ့သည်။

"ကောင်းကင်ဘုံ!" ယန်ယွဲ့သည်
တာအိုရတနာဓားကို
အားအပြည့်ဖြင့်ဆွဲထုတ်ကာ လွှဲယမ်းပြီး
တရကြမ်းခုတ်ပိုင်းလိုက်သည်။

အလင်းတန်းတစ်ခုက လေထဲသို့ ပျံတက်လာပြီး ကျဆင်းလာသည့် ရောမအနက်ရောင်လက်ဝါးကြီးကို တိုက်ရိုက် ပိုင်းချသွားသည်။

တစ်ချိန်တည်းတွင် တာအိုရတနာဓားက မရေမတွက်နိုင်သောအပိုင်းအစများအဖြစ် ပေါက်ကွဲသွားလေသည်။

"ဖျက်ဆီးခြင်း!"

ယန်ယဲ့ ထံမှ အဆုံးသတ်

စကားသံထွက်ပေါ်လာပြီးနောက်

အလင်းတန်းက

ရောမအနက်ရောင်လက်ဝါးကြီးနှင့်

တိုက်မိသွားကာ တိုက်ခိုက်မှုနှစ်ခုလုံး

အပိုင်းအပိုင်းပေါက်ကွဲသွား၏။

အုန်း!

မရေမတွက်နိုင်သော အနက်ရောင်စွမ်းအင်နှင့်

ဓားစွမ်းအင်များက ပတ်ဝန်းကျင်ဆီသို့

ပြန့်နှံ့ကာ ကောင်းကင်နှင့်မြေကြီးသည်ပင်
ပြင်းထန်စွာ တုန်ခါသွားသည်။

ကမ္ဘာလောက ၏
အဆုံးသတ်အခြေအနေသို့ရောက်ရှိလာသကဲ့
သို့ပင်။

ကျိုးကျန်းဖေး အပါအဝင် သူ့နောက်ကွယ်ရှိ
လူတိုင်း အံ့သြသွားကြသည်။

"ဒဏ္ဍာရီလာ တာအိုနည်းစနစ်ကတောင်
သူ့ကိုမသတ်နိုင်ဘူးဆိုတော့ ဒီယန်ယဲ့
အသုံးပြုလိုက်တာက ဘာလဲ?"

"ဒီကောင်က တကယ်ပဲ အသက် ၂၀ ဝန်းကျင်လား?"

“ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ။ မင်း....ဒါက ဘယ်လိုဓားနည်းစနစ်လဲ။ ဒါက ငါ့တာအိုနည်းစနစ် ထက် မနိမ့်ကျဘူး !”

"ဓားဒြပ်စင်နည်းစနစ်!" ယန်ယွဲ့၏အသံကရုတ်တရက် ပွဲတင်ထပ်လာသည်။

ထို့နောက်တွင် သဘာဝရတနာများမှ ဖန်တီးထားသည့် ရှောမဓားကြီးတစ်ချောင်းက

ကောင်းကင်ကနေကျဆင်းကာ အရိုးစု ၏ ရင်ဘတ်ကို ထိမှန်သွားသည်။

ယန်ယဲ့ သည် တိုက်ပွဲတွင် ရန်သူများနှင့် စကားများ၊ အချိန်တွဲပြောဆိုသည့် အလေ့အထ မရှိခဲ့ပေ။

အုန်း!

မရေမတွက်နိုင်သော ခရမ်းရောင်လျှပ်စီးကြောင်းများက အရိုးစု ၏ရင်ဘတ်ကို ပစ်ချလိုက်သည်။

တစ်ချိန်တည်းတွင်

ခရမ်းရောင်လျှပ်စီးကြောင်းထဲမှ

အဖြူရောင်မီးတောက်များ ထွက်လာပြီး

အရိုးစုကို ဖုံးလွှမ်းသွားသည်။

...

၆၂၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၆၂၃ – သူတော်စင်တစ်ပိုင်းအဆင့် ခန္ဓာကိုယ်

အုန်း!

ထိုအချိန်တွင် မြေပြင်ပေါ်သို့ ရိုက်ချခံလိုက်ရသည့် နတ်ဘုရားသားရဲရွှေနဂါးကြီးက မြေပြင်ကနေထိုးထွက်လာပြီး ယန်ယဲ့၏ခေါင်းအထက်တွင် လှည့်ပတ်နေလေသည်။

ယန်ယဲ့ သည် ဒဏ်ရာများအပြည့်
ဖုံးလွှမ်းနေသည့် နတ်ဘုရားသားရဲ့ရွှေနဂါးကို
စိုက်ကြည့်ရင်း မျက်နှာပေါ်တွင် လေးနက်သော
အမူအရာ ပေါ်လာပြီး ညာလက်ကို ဝှေ့ယမ်းကာ
ဆန်းကြယ်ရွှေချိကန် ထဲသို့ပို့လိုက်သည်။

နတ်ဘုရားသားရဲ့ရွှေနဂါးက သူ့အတွက်
အလွန်အရေးပါသဖြင့် ပျက်စီးခံရရန်
မလိုလားပေ။

ဘုန်း!

မီးတောက်ပင်လယ်ထဲမှ သွေးနီရောင်အလင်းတန်းများ ဖြာထွက်လာပြီး သဘာဝရတနာ ၃ ပါး ယန်ယဲ့ ဆီသို့ ပြန်၍ လွင့်စင်လာခဲ့သည်။

အရိုးစုက လက်ထဲ၌ သွေးနီရောင်ဓားကြီး ကို ဆုပ်ကိုင်ထားရင်း ပတ်ဝန်းကျင်မှ လူတိုင်းကို စူးစူးရဲရဲ ကြည့်ကာ "ငါ့ခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့် နဲ့ ယှဉ်နိုင်လို့ မင်းလိုပုရွက်ဆိတ်တစ်ကောင်က ဘယ်လိုဖျက်ဆီးနိုင်မှာလဲ?"

"ဘယ်လို ခေါင်းမာနေသလဲ!"

ယန်ယွဲ့သည် ညာခြေကို မြေပြင်ပေါ်သို့ စောင့်နင်းလိုက်ပြီး ရှေ့ကို လျှပ်တစ်ပြက် ခုန်ထွက်လိုက်သည်။

တစ်ချိန်တည်းတွင် အရိုးစု ရှေ့သို့ ရောက်လာပြီး ဘယ်လက်ကို ဆန့်ထုတ်ကာ ရောမအရိုးစုခေါင်းကြီး ထံသို့ တရကြမ်းထိုးချလိုက်သည်။

ဘုန်း!

အရိုးစုက တုန့်ပြန်ရန် အခွင့်အရေး
မရလိုက်ပေ။ ချက်ချင်းပင် လွင့်ပျံသွားသည်။

သို့သော်လည်း၊ ယန်ယဲ့က ၎င်းရှေ့တွင်
နောက်တစ်ကြိမ် ထပ်မံ၍ ပေါ်လာပြီးနောက်
အရိုးစုလည်ပင်းကို ခြေထောက်ဖြင့်
စောင့်နင်းလိုက်၏။

အုန်း! ဘုန်း! ဘုန်း!

ဤသို့ဖြင့်..... ။

ယန်ယဲ့ ၏လက်သီးနှင့်ခြေထောက်များက
ပြင်းထန်သောမုန်တိုင်းအလား အရိုးစုအပေါ်သို့
အဆက်မပြတ်ကျရောက်နေလေသည်။

ကျိုးကျန်းဖေး နှင့် အကြံပေးကျူး တို့၏
အမူအရာများက အရိုးစုအား သဲအိတ်ကဲ့သို့
ထိုးနှက်နေသည်ကို ကြည့်ရင်း လုံးဝကို
မယုံနိုင်လောက်အောင်ဖြစ်နေကြသည်။

“အဲဒါ မင်းပြောခဲ့တဲ့
ရှေးဟောင်းအလောင်းကောင်လား။
မင်းပြောခဲ့တဲ့ ဒီရှေးခေတ်တည်ရှိမှုက

ကမ္ဘာကြီးကိုတောင် ဖျက်ဆီးပစ်နိုင်တာလား။ အကြံပေးကျူး! မင်းငါ့ကိုနှောက်နေတာလား?" ကျိုးကျန်းဖေး က မျက်နှာပေါ်တွင် မှုန်ကုပ်ကုပ်အမူအရာဖြင့် ပြောလိုက်သည်။

အကြံပေးကျူး က ခေါင်းခါလိုက်ပြီး "သူက အရမ်းအားနည်းနေလို့ မဟုတ်ဘူး၊ ယန်ယွဲ့ က အရမ်းသန်မာနေလို့ပဲ။ ငါတို့ အစကတည်းက ယန်ယွဲ့ ရဲ့ အင်အားကို တကယ် လျှော့တွက်ခဲ့မိတယ်။

သူ့ကိုသတ်ပစ်ရမှာ။ မဟုတ်ရင် နောင်အနာဂတ်မှာ ဆေဘာဓားဂိုဏ်းရဲ့

တည်ထောင်သူဘိုးဘေးထက်
ပိုကြောက်စရာကောင်းနေလိမ့်မယ်။
သူအသက်ရှင်နေသေးရင် လူသားကေရာဇ်က
တိုက်ကြီး ကိုပေါင်းစည်းလို့ရမှာမဟုတ်ဘူး။”

“တကယ်လို့ သူသာ လူသားကေရာဇ်ကို
ကူညီမယ်ဆိုရင် တိုက်ကြီးတစ်ခုလုံးကို
ပေါင်းစည်းဖို့ဆိုတာ လုံးဝခက်ခဲမှာ မဟုတ်ဘူး။
သနားစရာကောင်းလိုက်တာ....” ကျိုးကျန်းဖေး
က ခေါင်းခါလိုက်သည်။

"ယန်ယဲ့ ကို သတ်ဖို့ အလောင်းကောင်ဘိုးဘေးနဲ့ပူးပေါင်းတိုက်ခိုက်ဖို့ အမိန့်ပေးလိုက်ပါ။" အကြံပေးကျူး က ကျိုးကျန်းဖေး ကို ပြောလိုက်၏။

အုန်း!

ယန်ယဲ့ ၏ခြေထောက်တစ်ဖက်က အရိုးစု ၏မျက်နှာကို စောင့်နင်းချကာ မြေပြင်ပေါ်သို့နစ်မြုပ်သွားအောင်နင်းချလိုက်လေသည်။

သို့သော် ဤအချိန်တွင် သူ့လက်နှစ်ဖက်က အနည်းငယ်ရောင်ရမ်းနေလေသည်။ ယခုအချိန်တွင် ဤအရိုးစုခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့် နှင့် ယှဉ်နိုင်သည်ကို လက်ခံလိုက်ရသည်။

"ဒီနတ်ဆိုးကို ငါဘယ်လိုဖျက်ဆီးရမလဲ?" ယန်ယဲ့ က အတော်လေးခေါင်းကိုက်သွားသည်။

အုန်း!

ထိုအခိုက်တွင် အရိုးစုက ကောင်းကင်ပေါ်သို့ ပျံနက်လာပြီး ယန်ယဲ့ နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ကာ "ပုရွက်ဆိတ်! မင်း ငါ့ကို ဒီလို အရှက်ခွဲဖို့ သတ္တိရှိလိုက်တာ။ မင်းရဲ့သွေးကို ငါသောက်မယ်၊ မင်းရဲ့ရိုးတွင်းခြင်ဆီတွေကို စုပ်ယူမယ်၊ မင်းရဲ့အရိုးတွေကို ကိုက်ပြီး မင်းရဲ့ဝိညာဉ်ကို ထုတ်ယူမယ်။”

ထိုအချိန်တွင် ပတ်ဝန်းကျင်၌ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၃,၀၀၀) ပေါ်လာပြီး ယန်ယဲ့ ကို ဝိုင်းရံလိုက်ကြသည်။

ယန်ယဲ့ ၏အမူအရာလည်း အနည်းငယ်
ပြောင်းလဲသွားသည်။

“ဖယ်စမ်း!” အရိုးစုက ဝိုင်းရံထားသည့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို
ဒေါသတကြီး အော်ဟစ်လိုက်ပြီး
တိုက်ခိုက်ရန်ပြင်လိုက်၏။

ဤအခိုက်အတန့်တွင် မျက်နှာဖြူဖြူလူက
သစ်သားပြားတစ်ချပ်ကို ထုတ်ယူပြီး
ဆန်းကြယ်ချီစွမ်းအင်များ ပို့လွှတ်လိုက်သည်။

ကောင်းကင်ပေါ်တွင် တိုက်ခိုက်ရန် ပြင်နေသည့်
အရိုးစု က ချက်ချင်းပင် အော်ဟစ်ကာ
မျက်နှာဖြူဖြူလူ ကို
စူးစူးရဲရဲကြည့်နေလေသည်။

"ယန်ယွဲ့ ကို သတ်ဖို့ သူတို့နဲ့ပူးပေါင်းလိုက်၊
မဟုတ်ရင် မင်း ပြန်ပြီးအိပ်ပျော်သွားနိုင်တယ်!"
မျက်နှာဖြူဖြူလူ က အေးစက်စက် ပြောသည်။

အရိုးစုက လက်ထဲမှ သွေးဓားကြီး ကို
ဆုပ်ကိုင်လိုက်ပြီး ယန်ယွဲ့ ကို ကြည့်၍
ဒေါသတကြီး အော်ဟစ်လိုက်သည်။

တစ်ချိန်တည်းတွင်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၃,၀၀၀)ကလည်း ပြိုင်တူအော်ဟစ်ကာ ယန်ယွဲ့
ကို တိုက်ခိုက်လိုက်ကြသည်။

တည်ထောင်သူကေရာဇ် နှင့် သားရဲကေရာဇ် တို့
၏မျက်နှာအမူအရာက ချက်ချင်း ပင်
ပြောင်းလဲသွားလေသည်။

ယန်ယွဲ့ သည် ပတ်ဝန်းကျင် ကို
တစ်ချက်ကြည့်လိုက်ရာ

အာကာသဟင်းလင်းပြင် က
အေးခဲသွားသည်ကို သတိပြုမိကာ
မျက်နှာကွက်ခနဲပျက်သွား၏။

ဝှစ်.... ။

ရုတ်တရက် ခရမ်းရောင်အလင်းတန်းတစ်ခု
လင်းလက်လာပြီး မျက်နှာဖြူဖြူလူ
ဆုပ်ကိုင်ထားသည့် သစ်သားပြား က
ပျောက်ကွယ်သွားသည်။

အရိုးစုက လှုပ်ရှားခြင်းမရှိဘဲ ရပ်တန့်သွား၏။

မျက်နှာဖြူဖြူလူ လည်း ထိတ်လန့်သွားသည်။

ကျိုးကျန်းဖေး ၏မျက်နှာက
ရုတ်တရက်အဖြစ်အပျက်ကြောင့်
အံ့အားသင့်ငေးကြောင်နေခဲ့လေသည်။

သို့သော် တစ်ဖက်တွင်မူ ယန်ယဲ့ က
မျက်နှာပေါ်တွင် အပြုံးများ ထင်ရှားစွာ
ပေါ်လာ၏။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၄ – ခရမ်းရောင်မင့်ခ်ကလေး ရောက်လာပြီ

ခရမ်းရောင်မင့်ခ်တစ်ကောင်က လက်သည်းလေးများကြား၌ သစ်သားပြားကို ကိုင်ထားရင်း ယန်ယဲ့ ၏ပုခုံးပေါ်တွင် ပေါ်လာသည်။

၎င်းသည် အစောပိုင်းက မျက်နှာဖြူဖြူလူ
ကိုင်ထားသည့် သစ်သားပြား ပင်။

တစ်ချိန်တည်းမှာပင်၊ ယန်ယဲ့ ၏ပတ်ဝန်းကျင်မှ
လေဟာနယ်အတားအဆီးများ အားလုံး
ချက်ချင်းပင် ပျက်စီးသွားခဲ့သည်။

ခရမ်းရောင်မင့်ခ်ကလေးက ယန်ယဲ့ ကို
စိုက်ကြည့်နေကာ
မျက်တောင်ပုတ်ခတ်လုပ်ရင်း ခေါင်းသေး

သေးလေးနှင့် ယန်ယဲ့ ၏မျက်နှာကို
အဆက်မပြတ်ပွတ်သပ်လိုက်သည်။

ယန်ယဲ့ သည် ခရမ်းရောင်မင့်ခ်ကလေးကို
ပွေ့ချီကာ
သူမလေး၏ နဖူးကို နမ်းလိုက်လေသည်။
ခရမ်းရောင်မင့်ခ်ကလေး
၏ဝိုင်းစက်လှပသည့်မျက်နှာသေးသေးလေးက
ချက်ချင်းပင် နီရဲသွားသည်။
ယန်ယဲ့သည် ရယ်မောလိုက်ပြီး
ခရမ်းရောင်မင့်ခ်ကလေး ၏နဖူးကို

ထပ်မံ၍နမ်းလိုက်သည်။ "အဲ့ဒါဘာဖြစ်တာလဲ? အငယ်လေး! မင်းရှက်နေတာလား? ဟားဟား ။ ဟမ်။ မင်းက အမွေဆက်ခံပြီးတာနဲ့ လူသားအသွင်ဆောင်လို့ရပြီမဟုတ်လား။ အခုထိ မရသေးဘူးလား။"

ခရမ်းရောင်မင့်ခ်ကလေး က ယန်ယဲ့ ကို ရှက်ရွံ့စွာ စိုက်ကြည့်ပြီးနောက် သူမ၏မျက်နှာသေးသေးလေးကို လက်သည်းနှစ်ဖက်နှင့်အုပ်ကာ ယန်ယဲ့ ၏ခေါင်းနောက်တွင် ပုန်းအောင်းနေလေသည်။

ယန်ယဲ့ က သူမလေး ၏အမူအရာကို ကြည့်၍
ရယ်မောလိုက်သည်။

ခဏအကြာတွင် ခရမ်းရောင်မင့်ခ်ကလေး ကို
စနောက်မနေတော့ဘဲ သစ်သားပြားကို
ကိုင်ကာ ဆန်းကြယ်ချီစွမ်းအင်ကို ထုတ်ဖော်ပြီး
ပို့လွှတ်လိုက်၏။

“အား!!” ဤအခိုက်တွင် အရိုးစု ၏ခန္ဓာကိုယ်က ပြင်းထန်စွာ တုန်ခါသွားပြီး ရုတ်တရက် နာကျင်စွာအော်ဟစ်သံထွက်လာသည်။

"အိုး။ မင်းဘာဖြစ်နေတာလဲ?" ယန်ယဲ့သည် အရိုးစု ကို ပြုံးကြည့်ကာ "မင်းကိုကြည့်ရတာ အရမ်းနာကျင်နေတဲ့ပုံပဲ။"
စကားပြောနေရင်းဖြင့်
သူ၏ဆန်းကြယ်ချီစွမ်းအင်ကို
သစ်သားပြားထဲသို့ ပို့လွှတ်လိုက်သည်။

“အာ!!!” အရိုးစု က ဒေါသတကြီးဟိန်းဟောက်နေရင်း လေထဲတွင် အဆက်မပြတ်လူးလှိမ့်နေသည်။

"ရပ်! ရပ်! လူသား ရပ်လိုက်! မဟုတ်ရင်... မဟုတ်ရင် မင်းကို ငါနဲ့အတူ ဆွဲချမယ်!"

"မင်း ငါ့ကိုတောင် ခြိမ်းခြောက်နေတာလား။ လာစမ်းပါ၊ မင်းငါ့ကို မင်းနဲ့အတူ ဆွဲချနိုင်မလား ကြည့်ရအောင်။” ယန်ယဲ့ သည် လျှောင်ပြောင်ရင်း သစ်သားပြားထဲသို့ ဆန်းကြယ်ချီစွမ်းအင်ကြိုး တစ်ချောင်းကို

ထပ်မံပို့လွှတ်လိုက်ရာ အရိုးစု ထံမှ အဆက်မပြတ်အော်ဟစ်သံထွက်ပေါ်လာလေသည်။

"သူ့ကိုသတ်! သူ့ကိုသတ်ကြ!" ထိုအချိန်တွင် အောက် မြေပြင်ကနေ မျက်နှာဖြူဖြူလူ၏ဒေါသတကြီးအသံ ပဲ့တင်ထပ်လာသည်။

အလောင်းကောင်ဘိုးဘေးက ယန်ယွဲ့၏ထိန်းချုပ်မှုအောက် ကျသွားသည်ကို မြင်တွေ့ပြီးနောက် မျက်နှာဖြူဖြူလူ၏မျက်နှာက ဆိုးရွားစွာ ဖြူရော်သွားပါတော့သည်။

"လေဟာနယ်ချုပ်နှောင်ခြင်း!"
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၃,၀၀၀)ကျော် ၏ပြိုင်တူအော်သံများက
လေထဲ၌ ပဲ့တင်ထပ်ကာ ယန်ယဲ့
၏ပတ်ပတ်လည်တွင်
လေဟာနယ်အတားအဆီးများ အထပ်လိုက်
ဖြစ်ပေါ်လာလေသည်။

သို့သော်လည်း၊ ဤအခိုက်တွင်
ခရမ်းရောင်မင့်ခ်ကလေးက
လက်သည်းသေးလေးများကို ဝှေ့ယမ်းလိုက်ရာ

ယန်ယဲ့ ပတ်ပတ်လည်ရှိ
လေဟာနယ်အတားအဆီးများစွာက
ချက်ချင်းပင် ကျိုးပျက်သွားသည်။

ကျိုးကျန်းဖေး နှင့် နောက်လိုက်များ
၏အမူအရာက ၎င်းတို့ရှေ့မှ မြင်ကွင်းကို
ကြည့်၍ အလွန်ပြင်းထန်လာခဲ့သည်။

ယန်ယဲ့ သည် ခရမ်းရောင်မင့်ခ်ကလေး ကို
တစ်ချက်ကြည့်လိုက်သည်။

သူမလေးက ချစ်စဖွယ်ပြုံးပြနေပြီး လက်သည်းသေးသေးလေးဖြင့် ယန်ယဲ့၏နားရွက်ကိုကုတ်ခြစ်နေကာ " ငါက အံ့သြစရာပဲ ဟုတ်တယ်မလား” ဟု ပြောနေသယောင်ပင်။

ယန်ယဲ့သည် ကျေနပ်စွာပြုံးရင်း တစ်ဖက်လှည့်ကာ အရိုးစု ကို စိုက်ကြည့်လိုက်၏။ “ကဲ၊ ဒီ ချီး မြှောက်ခြင်းနယ်ပယ်ပညာရှင်တွေကို သတ်ဖို့ ကူညီပေးပါ။မင်းက ငြင်းပယ်နိုင်တယ်။ ဒါပေမဲ့

ငါ့အထင် မင်း ဒီလိုလုပ်တာက

အကောင်းဆုံးမဟုတ်နိုင်ဘူး။

မဟုတ်ရင် မင်းအတွက် သေတာက

ပိုပြီးကောင်းတယ်ဖြစ်သွားလိမ့်မယ်။

ပြီးတော့ မင်း ငါ့ကို မခြိမ်းခြောက်နဲ့။

ဘာကြောင့်လဲဆိုတော့ မင်းက

သူတော်စင်တစ်ပိုင်းအဆင့် ဒါမှမဟုတ်

သိုင်းကေရာဇ် မဟုတ်ရင် ငါ့ကို

မင်းနဲ့အတူဆွဲချသွားဖို့ဆိုတာ

စိတ်ကူးပဲယဉ်နေလိုက်။"

အရိုးစု ၏ခန္ဓာကိုယ်က ဒေါသကြောင့်လော၊ ကြောက်လန့်နေခြင်းကြောင့်လားပင်မသိ...., အဆက်မပြတ်တုန်ခါနေသည်။

ယန်ယဲ့ ၏အကြည့်များက အေးစက်သွားကာ ဆန်းကြယ်ချီစွမ်းအင်ကို ထုတ်ဖော်၍ သစ်သားပြားထဲသို့ ပို့လွှတ်ရန်ပြင်လိုက်သည်။

အရိုးစုက အလွန်ထိတ်လန့်သွားပြီး ၎င်း၏လက်ထဲက သွေးဓားကြီးကို လွှဲယမ်းကာ ပတ်ပတ်လည်မှ

ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၃,၀၀၀)ထံသို့ ခုတ်ပိုင်းချလိုက်သည်။

မရေမတွက်နိုင်သော
သွေးနီရောင်အလင်းတန်းများ ထွက်ပေါ်လာပြီး
အနီးနားရှိ ရာချီသော
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
တစ်ခဏလေးအတွင်း
သေဆုံးသွားလေတော့သည်။

“အလောင်းကောင်ဘိုးဘေး!
မင်းဘယ်လိုတောင်လုပ်ဝံ့တာလဲ?"
မျက်နှာဖြူဖြူလူ က
ဒေါသတကြီးအော်ဟစ်လိုက်၏။

"ငါ့ဖင်ကိုလား! မင်းက လူမိုက်!"
အလောင်းကောင်ဘိုးဘေးက မျက်နှာဖြူဖြူလူ
ကို ဒေါသထွက်သွားသည်။

ယန်ယဲ့ နှင့် အကြံပေးကျူး တို့ကိုသာ ယှဉ်ပြီး
ရွေးချယ်လျှင် အကြံပေးကျူး ၏လက်ထဲ၌သာ

စိတ်ဝိညာဉ်ထိန်းချုပ်ရေးသစ်သားပြားကို ထားလိုပေသည်။

သို့သော် ဤမျက်နှာဖြူဖြူလူသားက စိတ်ဝိညာဉ်ထိန်းချုပ်ရေးသစ်သားကို အလုခံရလိမ့်မည်ဟု သူ မမျှော်လင့်ထားပေ။

တစ်ချိန်တည်းတွင် ယန်ယဲ့ က သူ့အား ထိန်းချုပ်၍ ကျွန်အဖြစ်ခိုင်းစေနေသည်ကို တွေးလိုက်တိုင်း အလောင်းကောင်ဘိုးဘေး က ကမ္ဘာကြီးကိုပင် ဖျက်ဆီးပစ်ချင်လောက်အောင် အမျက်ဒေါသများပြင်းထန်စွာထွက်လာခဲ့လေ သည်။

ရှစ်!

ပတ်ဝန်းကျင်ဆီသို့ မရေမတွက်နိုင်သည့် သွေးနီရောင်အလင်းတန်းများ အဆက်မပြတ် ရိုက်ခတ်လာခဲ့သည်။

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက အုပ်စုလိုက် ပူးပေါင်းကာ အလောင်းကောင်ဘိုးဘေး ၏တိုက်ခိုက်မှုကို ခုခံလိုက်သော်လည်း ခုခံနိုင်စွမ်းမရှိခဲ့ပေ။

အလောင်းကောင်ဘိုးဘေး
၏ရုပ်ခန္ဓာအကာအကွယ်က ယန်ယဲ့
ပင်ထိတ်လန့်နေသည်ဖြစ်ရာ ၎င်းတို့လို သာမန်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက
မည်ကဲ့သို့ ယှဉ်နိုင်မည်နည်း?

"သတ်!" ထိုအချိန်တွင် ကောင်းကင်ယံ၌
ဒေါသတကြီး အော်သံတစ်ခု
ထွက်ပေါ်လာသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၅ – မူလကျောင်းတော်
ပျက်သုဉ်းခြင်း

ယန်ယဲ့ သည် ထိုအသံကို ကြားသည့်အခါ
အလွန်ဝမ်းသာသွား၏။
၎င်းသည် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၁,၀၀၀)ကျော်ကို ဦးဆောင်၍

မူလကျောင်းတော် သို့ ချီတက်လာသည့်
တင်းရှောက်ယောင် ပင်ဖြစ်သည်။

ထို့နောက် ယန်ယဲ့ က စိတ်ဆန္ဒကို အမြင့်ဆုံးထိ
ထုတ်ဖော်ကာ ဓားမြောက်များစွာကို
ဖန်တီးလိုက်ပြီး မြင့်မြတ်သောဟန်အင်ပါယာ
၏ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် များ ဆီသို့
ဦးတည်ပစ်လွှတ်လိုက်လေသည်။

ယန်ယဲ့ ၏ပုခုံးပေါ် ရှိ
ခရမ်းရောင်မင့်ခ်ကလေးကလည်း ငြိမ်မနေပေ၊
သူမ၏လက်သည်းသေးသေးလေးကို

အဆက်မပြတ်ငှေ့ယမ်းကာ
ခရမ်းရောင်အလင်းတန်းမြောက်များစွာကို
အဆက်မပြတ်ပစ်လွှတ်ခဲ့သည်။

ခရမ်းရောင်အလင်းတန်းမြောက်များစွာက
လေထဲသို့ ပျံတက်သွားပြီးနောက်
ပတ်ဝန်းကျင်မှ ချီး
မြှောက်ခြင်းနယ်ပယ်ပညာရှင်များ ကို
ထိမှန်သည်။

ခရမ်းရောင်အလင်းတန်း နှင့် ထိမှန်သည့်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ချက်ချင်းပင်သေဆုံးသွားရသည်။

အဆင့် ၅ နှင့်အထက်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်များက
သေဆုံးခြင်းမရှိသော်လည်း အပြင်းအထန်
ဒဏ်ရာရကာ တိုက်ခိုက်ရေးစွမ်းအားများ
ဆုံးရှုံးသွား၏။

တင်းရှောက်ယောင် ဦးဆောင်သည့်
ချိုးမြှောက်ခြင်းနယ်ပယ်ပညာရှင်

(၁,၀၀၀)ကျော် ရောက်ရှိလာပြီးနောက် တိုက်ပွဲက တစ်ဖက်သက်ဆန်သွားသည်။

တစ်ခဏလေးအတွင်းမှာပင်
မြင့်မြတ်သောဟန်အင်ပါယာ
၏ချီးမြှောက်ခြင်းနေယ်ပယ်ပညာရှင် (၅၀၀)
နီးပါး သေဆုံးသွားကြပြီဖြစ်သည်။

"နောက်ဆုတ်! အားလုံး ပြန်ဆုတ်ကြ! ချက်ချင်းပြန်ဆုတ်ခဲ့ကြတော့!" ကျိုးကျန်းဖေး က တိုက်ပွဲအခြေအနေကို မြင်တွေ့ပြီးနောက် အောက်မြေပြင်ကနေ ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

ကျိုးကျန်းဖေး ၏အသံ
ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက်
မြင့်မြတ်သောဟန်အင်ပါယာ
၏ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်အားလုံးလ
ည်းပြန်ဆုတ်လာကြပြီး လျင်မြန်စွာ
ထွက်ခွာသွားကြသည်။

"ငါတို့ပြီးသွားပြီ!" ကျိုးကျန်းဖေး နှင့်
မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်တပ်ကြီး
ပြန်ဆုတ်ခွာသွားသည်ကို ကြည့်ရင်း ယွမ်ထျန်း

၏မျက်နှာက သေမင်းနှင့်တွေ့ဆုံသကဲ့သို့
ဖြူဖျော့သွားတော့သည်။

မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်တပ်
ပြန်ဆုတ်သွားသည့်နောက်တွင်
မူလကျောင်းတော် က ယန်ယွဲ့ ၏စစ်တပ်ကို
မည်သို့ခုခံနိုင်မည်နည်း။

ဤအခိုက်အတန့်တွင်မှု သူ၏
မူလကျောင်းတော် က
မြင့်မြတ်သောဟန်အင်ပါယာအချိန်မရွေး
စွန့်လွှတ်နိုင်သည့်

သာမန်အရာတစ်ခုသာဖြစ်ကြောင်း
နောက်ဆုံးနားလည်သွားပါသည်။

"ယန်ယဲ့! မင်းအနိုင်ရပြီးပြီ။
ငါ့မူလကျောင်းတော် က လက်နက်ချတယ်။"
ထိုအချိန်တွင် မူလကျောင်းတော်
၏ကျောင်းအုပ် ယွမ်ထျန်း အသံက
မူလကျောင်းတော် အထက်ကောင်းကင်ယံမှ
ထွက်ပေါ်လာသည်။

လူတိုင်းက တိုက်ခိုက်နေသည်ကို
ခဏတာရပ်ပြီး ကောင်းကင်ထက်မှ အ
ခြေအနေကို မော့ကြည့်လိုက်ကြသည်။

"မူလကျောင်းတော်က
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
ဘယ်နှစ်ယောက်ကျန်သေးလဲ?" ယန်ယဲ့ က
တင်းရှောက်ယောင် ဖက်သို့ လှည့်၍
မေးလိုက်သည်။

တင်းရှောက်ယောင် က တိုက်ပွဲ ကို
တစ်ချက်ကြည့်ရင်း ပြန်ဖြေခဲ့သည်။

"အယောက် (၁၀၀)ကျော်လောက် ကျန်နေသေးတယ်။"

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး “သတ်ပစ်လိုက်! မူလကျောင်းတော် ရဲ့ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တွေ အားလုံးကို သတ်လိုက်။ ချီးမြှောက်ခြင်းနယ်ပယ် အောက်မှာရှိတဲ့ ကျွမ်းကျင်သူတွေ၊ ပြန်ပြီးခုခံဝံ့ရင်လည်း အကုန် သတ်ပစ်လိုက်။"

မူလကျောင်းတော် ၏ကျောင်းအုပ် ယွမ်ထျန်း
က လက်နက်ချပြီ ဟုကြေညာသော်လည်း
ယန်ယဲ့ အနေဖြင့် မည်ကဲ့သို့
ယုံကြည်ပါမည်နည်း?

အကယ်၍ လော့ကျန်း သာ တောင်ပိုင်းနယ်မြေ
ကို ထပ်မံ၍ ရောက်ရှိလာလျှင်
မူလကျောင်းတော်က လော့ကျန်း နှင့်
သေချာပေါက်
ပူးပေါင်းသွားပေဦးမည်မဟုတ်သလော။
ယခုအချိန်တွင် သူက
အကြွင်းမဲ့အသာစီးရနေသည်ဖြစ်ရာ

အနာဂတ်တွင်ဖြစ်နိုင်ချေရှိသောပြဿနာကို
မဖြေရှင်းလျှင် လုံးဝကို လူမိုက်
ဖြစ်သွားပေမည်။

"သတ်! အားလုံးကိုသတ်ပစ်လိုက်!"
ခဏအကြာတွင် တင်းရှောက်ယောင်
၏အေးစက်စက်အသံက မူလကျောင်းတော်
အထက် လေထုထဲတွင် ပဲ့တင်ထပ်သွားသည်။

ထို့နောက် တစ်ခဏလေးအတွင်းတွင်
မူလကျောင်းတော် ၏နေရာအနှံ့မှ

မရေမတွက်နိုင်သည့် အော်ဟစ်၊ငြီးငြူသံများ
ထွက်ပေါ်လာသည်။

"ယန်....ယန်ယဲ့!" ကျောင်းအုပ်ယွမ်ထျန်း
၏မကျေမချမ်းအမူအရာများကို
သယ်ဆောင်လာသည့် ဒေါသတကြီးအသံဟာ
ကောင်းကင်အမြင့် တိမ်တိုက်များကြားမှ
ပဲ့တင်ထွက်ပေါ်လာလေသည်။

ယန်ယဲ့ သည် ယွမ်ထျန်း ကို
ဂရုစိုက်မနေတော့ဘဲ
အလောင်းကောင်ဘိုးဘေး၊ သူ့ပုခုံးပေါ်မှ

ခရမ်းရောင်မင့်ခ်ကလေး တို့နှင့်အတူ
ကျိုးကျန်းဖေး ထွက်ပြေးသွားသည့်နောက်သို့
တရကြမ်းလိုက်ပါသွား၏။

ကျိုးကျန်းဖေး ၏စစ်တပ်
ဆုတ်ခွာသွားပြီးနောက် မူလကျောင်းတော် က
တင်းရှောက်ယောင် ကိုလုံးဝမခုခံနိုင်တော့ပေ။
မူလကျောင်းတော် က လုံးဝကို
တစ်ဖက်သက်ဆန်စွာ
အသတ်ခံနေရသည့်အခြေအနေသို့
ရောက်သွား၏။

အချိန်တိုင်း မူလကျောင်းတော်မှ
မရေတွက်နိုင်သော တပည့်များ
တစ်ယောက်ပြီးတစ်ယောက် လဲကျနေပါသည်။
ဤမြင်ကွင်းကို ကြည့်နေရင်းဖြင့် ယွမ်ထျန်း
၏အမူအရာက
အလွန်ကြောက်စရာကောင်းလောက်အောင်
ပြင်းထန်လာသည်။

"သူ့ကိုသတ်ခွင့်ပြုပါ!" ဤအချိန်တွင် ယွမ်ထျန်း
၏နောက်၌ရပ်နေသော သိုင်းကေရာဇ်အဆင့်
အကြီးအကဲတစ်ဦးက ယန်ယဲ့ဆီသို့
လျှပ်တစ်ပြက် ရောက်ရှိသွားသည်။

"မလုပ်နဲ့!" ယွမ်ထျန်း က ဒေါသတကြီး အော်လိုက်သည်။

သို့သော် တားဆီးလိုက်သည့်အချိန်က ထိုအကြီးအကဲ ၏အမြန်နှုန်းထက် အနည်းငယ်နောက်ကျနေခဲ့သည်။

သိုင်းကျောရာဇ်အဆင့် အကြီးအကဲ က ယန်ယဲ့ ၏ခေါင်းအထက်လေထုထဲသို့ ရောက်လာပြီး တိုက်ခိုက်ရန် ပြင်လိုက်လေသည်။

ဤအခိုက်တွင် ရောမလက်ဝါးကြီးတစ်ဖက်
အာကာသဟင်းလင်းပြင် ထဲမှ
ထိုးဖောက်ထွက်လာကာ အဘိုးအို
၏အပေါ်ကနေ ပြင်းထန်စွာဖိချသွားသည်။

ဘန်း!

အသက်ရှူတစ်ရှိုက်စာပင်ရှိသေး၊
ကျယ်လောင်သည့်ပေါက်ကွဲသံကြီးနှင့်အတူ
ရောမလက်ဝါးကြီး နှင့် သိုင်းကေရာဇ်အဆင့်
အကြီးအကဲ လည်း အစအနပင်ရှာမရအောင်
ချက်ချင်းပျောက်ကွယ်သွားသည် ။

ယွမ်ထျန်း အပါအဝင် ပတ်ဝန်းကျင် မှ လူတိုင်း
အပြင်းအထန်
တုန်လှုပ်ချောက်ချားသွားကြသည်။

"သူတော်စင်တစ်ပိုင်းအဆင့် က
ဒီလောက်အတိုင်းအတာအထိ
ကြောက်စရာကောင်းတယ်!"

ဤအတောအတွင်း မူလကျောင်းတော်
၏အဖွဲ့ဝင်များအားလုံးအသတ်ခံခဲ့ရပြီး
တစ်ချိန်က တောင်ပိုင်းနယ်မြေ၏

နံပါတ်တစ်ဂိုဏ်းသည်လည်း ထိုကဲ့သို့ပင် တစ်ခဏလေးအတွင်း ပျက်သုဉ်းသွားခဲ့သည်။

"ယန်ယဲ့! ငါ မင်းကို သတ်မယ်၊ သတ်မယ်ကွ။ လော့ကျန်း ရောက်လာမဲ့အချိန် မင်းသေတဲ့နေ့ပဲ!" သို့သော် ယွမ်ထျန်း က ယန်ယဲ့ နှင့်စာလျှင်
မြင့်မြတ်သောဟန်အင်ပါယာ ကို ပို၍ပင် မုန်းတီးခဲ့သည်။
မြင့်မြတ်သောဟန်အင်ပါယာ ကသာ မူလကျောင်းတော် ကို စွန့်ပစ်ခဲ့ခြင်းမဟုတ်လျှင်

ဤကဲ့သို့ အခြေအနေမျိုး နှင့်
ရင်ဆိုင်ရမည်မဟုတ်ပါ။

အနည်းဆုံး မူလကျောင်းတော်
၏အမွေအနှစ်အချို့နှင့် အခြေခံအုတ်မြစ်ကို
ထိန်းသိမ်းထားနိုင်ပေလိမ့်မည်။

သို့သော် လက်ရှိတွင် မူလကျောင်းတော်
၏အဖွဲ့ဝင်အားလုံး အသတ်ခံရပြီး
သိုင်းဧကရာဇ် အနည်းငယ်သာ
ကျန်တော့သည်။

"သွားရအောင်!" ယွမ်ထျန်း က
သုသာန်တစ်စပြင်ကဲ့သို့
တိတ်ဆိတ်ခြောက်ကပ်သွားသည့်
မူလကျောင်းတော်ကြီး ကို
တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့နောက်မှ
မူလကျောင်းတော် ၏အကြီးအကဲအချို့အား
ဦးဆောင်ကာ နေရာမှာပင်
ပျောက်ကွယ်သွားခဲ့သည်။

"ငါတို့ သူတို့ကို
ဒီအတိုင်းပဲလွှတ်လိုက်မှာလား?"
သားရဲကေရာဇ် က ယွမ်ထျန်း နှင့်

မူလကျောင်းတော် ၏အကြီးအကဲ များ ထွက်ခွာသွားသည်ကိုကြည့်ပြီး ပြောလိုက်ပါသည်။

"ယန်ယဲ့ ရဲ့ဆရာ မလှုပ်ရှားဘူးဆိုရင်၊ ငါတို့နှစ်ယောက်တည်းနဲ့ သူတို့အားလုံးကို မသတ်နိုင်ဘူး!" တည်ထောင်သူကေရာဇ် က ခေါင်းယမ်းကာ ပြောလိုက်၏။

"ဒါပေမဲ့ ဒါက အဆုံးမသတ်နိုင်ချေရှိတဲ့ ပြဿနာတွေကို ဖြစ်ပေါ်စေလိမ့်မယ်။" သားရဲကေရာဇ် က ထပ်ပြောလေသည်။

တည်ထောင်သူကေရာဇ်က ရယ်မောလိုက်သည်။ “အဲဒါက သေချာပေါက် မဖြစ်ပါဘူး။ သူတို့က ယန်ယဲ့ ကိုသတ်ချင်တာထက် ဘာမှမလုပ်ချင်ပေမယ့် ဒီအချိန်မှာ လော့ကျန်း ကိုပိုပြီးသတ်ချင်နေမယ်လို့ ငါထင်တယ်။ ဘာပဲဖြစ်ဖြစ်လေ စွန့်ပစ်ခံရတာ အရမ်းနာကျင်ရတယ်မဟုတ်လား?”

"ကောင်းပြီ၊ ဒါပေမဲ့ သူတို့က အနာဂတ်မှာ ဘယ်လိုလှည့်ကွက်တွေနဲ့မှ ပြန်မလာနိုင်အောင်

တားဆီးဖို့လုပ်လိုက်ရအောင်!" သားရဲကောင်ဇ်
က ပျက်သုဉ်းသွားသည့် မူလကျောင်းတော်ကြီး
ကိုတစ်ချက်ကြည့်ရင်း ပြောလိုက်ပါသည်။

"ဒါပေါ့!" တည်ထောင်သူကောင်ဇ် ကလည်း
သဘောတူဟန်ဖြင့် ခေါင်းညိတ်သည်။

...

ကျိုးကျန်းဖေး နှင့် မြင့်မြတ်သောဟန်အင်ပါယာ
၏စစ်သည်များ ရှေးဟောင်းဒိုမိန်းမြို့သို့
ထွက်ပြေးလာသောအခါ

မြို့တံခါးနောက်ကွယ်ကနေ

မရေမတွက်နိုင်သည့် အနက်ရောင်ဝတ်လူများ

ထွက်လာကြပြီး ၎င်းတို့အဖွဲ့အား

တိုက်ခိုက်လိုက်ကြသည်။

ရုတ်တရက်

အေးစက်စက်အလင်းတန်းတစ်ဒါဇင်ကျော်လ

င်းလက်သွားကာ

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် ၁၂ ဦးကျော်

၏အလောင်းများက ကောင်းကင်ထက်မှ

ပြုတ်ကျလာသည်။

"မင်းတို့အားလုံးကို ငါ ကြိုပြီးစောင့်နေတာ!" ဤအခိုက်တွင် ရှေးဟောင်းဒိုမိန်းမြို့၏အထက်ကောင်းကင်၌ မြို့သခင်လု ၏အသံပဲ့တင်ထပ်နေသည်။

"လုယန်ဟောင်! မင်းလုပ်ဝံ့သလား?" ကျိုးကျန်းဖေး က ကောင်းကင်ထက်သို့ မော့ကြည့်ရင်း ဒေါသတကြီး အော်လိုက်သည်။ "ငါ့ရဲ့မြင့်မြတ်သောဟန်အင်ပါယာက ရှေးဟောင်းဒိုမိန်းမြို့တော်တစ်ခုလုံးကို ဖျက်ဆီးပစ်မှာ မကြောက်ဘူးလား?"

"ငါစောင့်နေမယ်!" လုယန်ဟောင် က မထူးခြားသောလေသံဖြင့် ပြန်ပြောလိုက်၏။

ဤအချိန်တွင် နောက်ကနေ လိုက်ပါလာသည့် အလောင်းကောင်ဘိုးဘေး၊ ယန်ယွဲ့ နှင့် သူ့ပုခုံးထက်၌ အကျနတက်ထိုင်နေသည့် ခရမ်းရောင်မင့်ခ်ကလေး တို့က ချက်ချင်းရောက်ရှိလာကြသည်။

ထို့နောက်တွင် သုံးဦးသား အချိန်မဖြုန်းဘဲ အလင်းတန်းများအသွင်ပြောင်းလဲကာ မြင့်မြတ်သောဟန်အင်ပါယာ

၏ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်စစ်တပ်ထဲ သို့ဝင်ရောက်ကာ လူတိုင်းကို သတ်ဖြတ်လိုက်ကြလေသည်။

"ဟားဟား! ငါတို့က စိတ်တိုင်းကျ သတ်လိုက်ရအောင်။ ဟားဟား!" အလောင်းကောင်ဘိုးဘေးက အဆက်မပြတ်သတ်ဖြတ်နေရင်း ရူးသွပ်စွာ ရယ်မောလေသည်။

ကျိုးကျန်းဖေး က ယန်ယွဲ့နှင့်အဖော်သုံးဦး သတ်ဖြတ်နေသည်ကို ကြည့်နေရင်း

မျက်နှာပျက်သွားကာ

ရှေးဟောင်းဒိုမိန်းမြို့အတွင်းသို့

လှမ်းမျှော်ကြည့်ရင်း အော်ဟစ်လိုက်သည်။

"တောင်ပိုင်းအန်ကလန်ကလူတွေ! မင်းတို့

ဘာကြောင့်ထွက်မလာသေးတာလဲ?

လူသားကေရာဇ် ကို

သစ္စာဖောက်ဖို့ကြံနေတာလား?"

ပတ်ဝန်းကျင် က ခဏတာ

တိတ်ဆိတ်သွားပြီးနောက်တွင်

မရေမတွက်နိုင်သော အနက်ရောင်ဝတ်လူများ

ရှေးဟောင်းဒိုမိန်းမြို့ထဲကနေ
ထွက်ပေါ်လာခဲ့ကြသည်။

၎င်းတို့အားလုံးသည်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များဖြစ်ပြီး
အနည်းဆုံး လူအရေအတွက် ၁၀၀ နီးပါး
ရှိလေသည်။

ဤအခိုက်တွင်
အနက်ရောင်ဝတ်အမျိုးသမီးတစ်ဦးက
လူအုပ်ရှေ့တွင် ပေါ်လာပြီး ရပ်နေခဲ့သည်။

ဤအနက်ရောင်ဝတ်အမျိုးသမီးက ယန်ယဲ့ နှင့် အကြိမ်ကြိမ် တွေ့ဆုံဖူးသည့် သိုင်းကျောင်းဆရာ (လောကသုံးပါးလုပ်ကြံသူ)ဖြစ်သည်။

ယန်ယဲ့က အနက်ရောင်ဝတ်အမျိုးသမီးကို မြင်သော်လည်း တစ်ချက်ပင် ဂရုမစိုက်ပေ၊ ကျိုးကျန်းဖေး နှင့်မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်သည်များကို ကြည့်ကာ “သတ်လိုက်၊ ဆက်လုပ်လိုက်ပါ။ သူတို့ ငါတို့ကို တိုက်ခိုက်ဝံ့ရင် ဒီနေ့ တောင်ပိုင်းအန်ကလန် ကို တိုက်ကြီးကနေ

အပြီးတိုင်ဖျက်ဆီးဖယ်ရှားပစ်မယ်လို့ ငါကတိပြုတယ်။"

၆၂၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၆ – တောင်ပိုင်းနယ်မြေ

"ကောင်းပြီ! မင်းရဲ့အမူအကျင့်ကို ငါနည်းနည်းကြိုက်တယ်။ ဟားဟား!"

အလောင်းကောင်ဘိုးဘေးက
သူ့လက်ထဲကိုင်ထားသည့် သွေးဓားကြီးကို
ဝှေ့ယမ်းရင်း ကျယ်လောင်စွာ
ရယ်မောလေသည်။

သွေးဓားကြီး က သွေးနီရောင်အလင်းတန်းများ
တလက်လက်တောက်ပနေကာ
တစ်ချက်ယမ်းလိုက်တိုင်း ဒါဇင်ချီသည့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များ
ခေါင်းများပြတ်တောက်သွားရသည်။

ယန်ယဲ့ ၏အမိန့်သံကို ကြားလိုက်သောအခါ
ရှေးဟောင်းဒိုမိန်းမြို့၏မြို့သခင်အိမ်တော်မှ
အနက်ဝတ်လူများလည်း ဆက်၍
တိုက်ခိုက်လိုက်ကြသည်။

ဤအခိုက်တွင် အနက်ရောင်ဝတ်အမျိုးသမီး ၏
မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားကာ
အေးစက်စက်အလင်းတန်းတစ်ခု ဖျတ်ခနဲ
တောက်လာသည်။

သို့သော် သူမက ယန်ယဲ့ကို မတိုက်ခိုက်ဝံ့ပေ။

အဘယ်ကြောင့်ဆိုသော် လက်ရှိတွင်
ယန်ယွဲ့ပိုင်ဆိုင်သည့်ခွန်အား၊ နောက်ခံအင်အား၊
တပ်ဖွဲ့များက တောင်ပိုင်းအန်ကလန် အား
အသာလေးဖျက်ဆီးနိုင်သောကြောင့်ပင်။

“တောင်ပိုင်းအန်ကလန်! မင်းတို့တွေ
ဘာရပ်လုပ်နေကြတာလဲ? မြန်မြန်..... ငါတို့ကို
လာပြီးကူညီစမ်း!" ကျိုးကျန်းဖေး က
ဒေါသတကြီး အော်လိုက်သည်။

ဤအခိုက်တွင် ကျိုးကျန်းဖေး က
အကြီးအကျယ် တုန်လှုပ်နေပါသည်။
မူလကျောင်းတော် အပြင်ဖက်တိုက်ပွဲတွင်
ချီးမြှောက်ခြင်းနယ်ပယ် စစ်သည် (၅၀၀)ကျော်
ဆုံးရှုံးခဲ့၏။
မြင့်မြတ်သောဟန်အင်ပါယာ က
အင်အားတောင့်တင်းသည်မှန်သော်လည်း
ဤကဲ့သို့ ဆုံးရှုံးမှုမျိုးကို မခံနိုင်ပေ။
ယခုအချိန်တွင် တောင်ပိုင်းအန်ကလန် သာ
ဋင်းတို့ကို လက်မငှားပါက ဆုံးရှုံးမှုများ ပို၍ပင်
ကြီးမားသွားပေမည်။

"ဒီအချိန်ကစလို့ တောင်ပိုင်းအန်ကလန် ဟာ
မြင့်မြတ်သောဟန်အင်ပါယာ
နဲ့မဟာမိတ်အဖွဲ့ကနေနုတ်ထွက်တယ်။"
ဤအချိန်မှာပဲ အနက်ရောင်ဝတ်အမျိုးသမီးက
ရုတ်တရက် ပြောလာသည်။

ကျိုးကျန်းဖေး ၏အမူအရာက ချက်ချင်း
ပြောင်းသွားကာ
ဒေါသတကြီးပြောရန်ပြင်လိုက်စဉ်
ရှေးဟောင်းဒိုမိန်းမြို့အတွင်းပိုင်းကနေ
နောက်ထပ်အသံတစ်သံ ထွက်လာသည်ကို
ကြားလိုက်ရသည်။

"ဒီအချိန်ကစပြီး၊ မြောက်ပိုင်းအန်ကလန်လည်း မြင့်မြတ်သောဟန်အင်ပါယာရဲ့မဟာမိတ်အဖွဲ့ကနေနှုတ်ထွက်ပြီ။"

"မင်းတို့ဘယ်လိုလုပ်ဝံ့တာလဲ!" ကျိုးကျန်းဖေးက ခဏတာ
ကြောင်အမ်းအမ်းဖြစ်သွားပြီးနောက်
ဒေါသတကြီး အော်ဟစ်လိုက်သည်။ "ငါ့ရဲ့
မြင့်မြတ်သောဟန်အင်ပါယာက
ဒီသစ္စာဖောက်တဲ့ကိစ္စအတွက် မင်းတို့တွေကို
သေချာပေါက် ပြန်ပေးဆပ်ခိုင်းမယ်။"

သို့သော် အနက်ရောင်ဝတ်အမျိုးသမီးက
မည်သည့်စကားမှ ပြန်မပြောဘဲ
လက်ကိုဝှေ့ယမ်းကာ သူမ၏နောက်မှ
အနက်ဝတ်လူများကို ခေါ်ဆောင်၍ လေထဲ၌
ပျောက်ကွယ်သွားသည်။

သိုင်းကျောဇ် များ ယန်ယဲ့ကို
တိုက်ခိုက်ခြင်းမပြုရန် တားမြစ်ထားချိန်တွင်
မည်သည့် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်က
ယန်ယဲ့ ကို တားဆီးနိုင်ပါမည်လော?

မြင့်မြတ်သောဟန်အင်ပါယာ ကို ကူညီပြီး
ယန်ယဲ့ ကို တိုက်ခိုက်လျှင်
တောင်ပိုင်းအန်ကလန် က ယန်ယဲ့ ၏ဒေါသကို
မည်ကဲ့သို့ တားဆီးမည်နည်း။

မြောက်ပိုင်းအန်ကလန်တွင် ယန်ယဲ့ နှင့်
မိတ်ဆွေဖြစ်သည့် သိုင်းနတ်ဘုရား
အန်နန်ကျင်း ရှိသော်လည်း
တောင်ပိုင်းအန်ကလန် က.....??

တောင်ပိုင်းအန်ကလန် တွင်
ပညာရှင်အမြောက်အမြားပိုင်ဆိုင်ထားသည့်တို

င် သိုင်းကောရာဇ် အဆင့်အောက်ရှိ မည်သူမှ ယန်ယဲ့ ကို ဆန့်ကျင်နိုင်စွမ်းမရှိကြချေ။

အကယ်၍ ၎င်းတို့သာ မြင့်မြတ်သောဟန်အင်ပါယာနှင့် မဟာမိတ်အဖြစ်ကနေ နှုတ်ထွက်ခြင်းမပြုလျှင် ယန်ယဲ့ နှင့် မြို့တော်ဝန် တို့ ပူးပေါင်း၍ တောင်ပိုင်းအန်ကလန် ကို သေချာပေါက် တိုက်ခိုက်လာနိုင်ပေသည်။

ထိုအချိန်တွင် တောင်ပိုင်းအန်ကလန် က တားဆီးနိုင်ပါမည်လော?

"ဆက်သွားရအောင်!" ကျိုးကျန်းဖေး က
အနက်ရောင်ဝတ်အမျိုးသမီး
ထွက်ခွာသွားသည်ကိုမြင်သောအခါ
တုန်လှုပ်သွားပြီး သူ့နောက်မှစစ်သည်များကို
လှည့်ကြည့်ရင်း ထွက်ပြေးရန်
အမိန့်ပေးလိုက်သည်။

ယန်ယဲ့ နှင့် မြို့သခင်အိမ်တော်
၏ပညာရှင်များလည်း လက်လျှော့ခြင်းမရှိပေ။
ကျိုးကျန်းဖေး ဦးဆောင်သော စစ်တပ်ကြီး
ထွက်ပြေးသွားသည့်နောက်သို့
လိုက်ပါတိုက်ခိုက်ရင်း

မြင့်မြတ်သောဟန်အင်ပါယာ
၏နယ်နိမိတ်ကိုရောက်မှသာရပ်တန့်လိုက်ကြ
သည်။

ယန်ယွဲ့သည် ကျိုးကျန်းဖေး ကို ဆက်၍
လိုက်လံတိုက်ခိုက်ချင်သော်လည်း အဆုံးတွင်
ရပ်တန့်ရန်သာ ရွေးချယ်လိုက်၏။
အကြောင်းမှာ မြင့်မြတ်သောဟန်အင်ပါယာ
၏နယ်စပ်၌ စစ်သည် (၅၀၀,၀၀၀)
နီးပါးရှိနေသည်ကို
မြင်တွေ့လိုက်ရသောကြောင့်ပင်။

စစ်သည်များ အားလုံးက
သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူများဖြစ်နေပေ
သည်။

သိုင်းဘုရင်အဆင့်ကျွမ်းကျင်သူ (၅၀၀,၀၀၀)
နှင့် ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၂,၀၀၀)
၏ပူးပေါင်းအင်အားက
သူနှင့်အလောင်းကောင်ဘိုးဘေးကို သတ်ရန်
လုံလောက်ပါသည်။

"တိုက်ခိုက်မှုကို ဆက်လုပ်ကြရအောင်။
သူတို့ကို ကြောက်စရာ မလိုပါဘူး၊
အဲဒီလူတွေက ငါတို့ကို ဘာမှ

မထိခိုက်စေကနိုင်ဘူး!"
အလောင်းကောင်ဘိုးဘေးက ယန်ယဲ့
ဘေးနားတွင် ရပ်နေရင်း ဆက်လိုက်ရန်
ပြောလေသည်။

၎င်း၏ခန္ဓာကိုယ်က သူတော်စင်တစ်ပိုင်းအဆင့်
နှင့် ညီမျှသောကြောင့် သိုင်းကရာဇ်
(သို့)အထက်ဆင့်ပညာရှင် မဟုတ်လျှင်
မည်သည့်ဒဏ်ရာမှ မရနိုင်ပေ။

ရှီး...!

ဤအခိုက်အတန့်တွင်
မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်သည်
(၅၀၀,၀၀၀)က သံချပ်ကာဖောက်မြှား
(၅၀၀,၀၀၀) လေထဲသို့ ပစ်လွှတ်လိုက်ရာ
ယန်ယွဲ့နှင့်အလောင်းကောင်ဘိုးဘေး ဆီသို့
ဖုံးလွှမ်းသွားသည်။

ယန်ယွဲ့ ၏မျက်ခွံများက ချက်ချင်းပင်
တဆတ်ဆတ်လှုပ်ယမ်းသွားသည်။
ထိုအချိန်တွင် သူ့ဘေးနားကို
လှည့်ကြည့်လိုက်ရာ အစောပိုင်း၌ တိုက်ခိုက်ရန်

ကြွေးကြော်နေသည့် အလောင်းကောင်ဘိုးဘေး က ရုတ်ချည်းပင် ပျောက်ကွယ်သွား၏။

ယန်ယဲ့ ၏မျက်နှာသည် ရှုံ့မဲ့သွားကာ အလောင်းကောင်ဘိုးဘေး ကို ကျိန်ဆဲလိုက်၏။ ထို့နောက် ဆန်းကြယ်ချီစွမ်းအင်ကို အလျင်အမြန်ထုတ်ဖော်ပြီး (Stellar Shuttle ) ထဲသို့ ပို့လွှတ်ကာ သူ့ခန္ဓာကိုယ် က အလင်းမှိန်ဖျော့လာပြီး နေရာမှာပင် ပျောက်ကွယ်သွားခဲ့သည်။

...

ယန်ယဲ့ တို့ သုံးဦး ထွက်ခွာသွားသော်လည်း ကျိုးကျန်းဖေး နှင့် အပေါင်းအပါတစ်သိုက် ၏မျက်နှာထက်တွင် အလွန်ဆိုးရွားသော အမူအရာများ ရှိနေကြသည်။

အထူးသဖြင့် ကျိုးကျန်းဖေး ပင်။ တောင်ပိုင်းနယ်မြေ ကို သိမ်းပိုက်ရန် ရောက်လာသည့် ခရီးစဉ်က သူ မျှော်လင့်ထားသည်နှင့်မတူဘဲ အရှက်ကွဲကာ ခွေးပြေး၊ဝက်ပြေး ပြေးပြန်လာခဲ့ရ၏။

အကယ်၍ လောကကျန်း ကသာ ယန်ယဲ့
၏အစစ်အမှန် ခွန်အားနှင့် ပတ်သက်၍
ပြောပြထားလျှင် ဤကဲ့သို့
အခြေအနေဆိုးနေမည်တော့မဟုတ်ပေ။

ထိုအခိုက်တွင်
ရွှေရောင်သံချပ်ကာဝတ်စစ်သားတစ်ဦး
ကျိုးကျန်းဖေးရှေ့တွင် ပေါ်လာပြီး
“ဗိုလ်ချုပ်ကျိုး၊ လူသားဧကရာဇ် က
တောင်ပိုင်းနယ်မြေမှာဖြစ်ပျက်ခဲ့တဲ့အရာတွေ
ကို အကုန်သိထားပြီးပြီ။

ပြီးတော့ လူသားကောရာဇ် က
တောင်ပိုင်းနယ်မြေမှာ
ဖြစ်ပျက်ခဲ့တာတွေအကုန်လုံးကို လစ်လျူရှုပြီး
သူကိုယ်တိုင် ယန်ယဲ့ ကို
ကိုင်တွယ်မယ်လို့ပြောခဲ့တယ်။

ဒါ့အပြင် ဗိုလ်ချုပ်ကျိုး က ဗိုလ်ချုပ်ကြီး
ကျန်းမင် ကို ကူညီပြီး မြောက်ပိုင်းနယ်မြေကို
အမြန်ဆုံးသိမ်းပိုက်နိုင်အောင် စစ်တပ်တွေ
စေလွှတ်ပေးဖို့ အမိန့်ပေးလိုက်တယ်။"

ကျိုးကျန်းဖေး က အနည်းငယ်
ဦးညွှတ်လိုက်သည်။ "ဒီငယ်သား
နားလည်ပါပြီ!"

ထိုစကားပြောပြီးသည်နှင့် ယန်ယွဲ့
ထွက်ခွာသွားသည့်လမ်းကြောင်းကို အကြာကြီး
တစ်ချက်ကြည့်လိုက်ပြီးနောက် သူ့နောက်မှ
စစ်သည်များကိုထွက်ခွာရန်
အမိန့်ပေးလိုက်လေသည်။

၆၂၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၇ – ဖိအားပေးခြင်း

ရှေးဟောင်းဒိုမိန်းမြို့ မြောက်ပိုင်းအန်ကလန်...

။

“ဆရာကြီး ယန်! ငါ့ရဲ့ မြောက်ပိုင်းအန်ကလန်က မြင့်မြတ်သောဟန်အင်ပါယာနဲ့မဟာမိတ်အဖွဲ့ကနေ ခွဲထွက်ပြီလို့ ကြေညာထားပြီးသားလေ။

ဒါတောင် ဆရာကြီးယန် က ငါတို့ကို
လွှတ်ပေးဖို့ ငြင်းဆန်နေတုန်းပဲလား။ "
ဤစကားပြောလိုက်သူက
မြောက်ပိုင်းအန်ကလန် ၏ဘိုးဘေး အန်ကု
ဖြစ်ပြီး အန်နန်ကျင်း ၏အဖေလည်းဖြစ်သည်။

ဘိုးဘေး အန်ကု က
မြင့်မြတ်သောဟန်အင်ပါယာနှင့်
မဟာမိတ်အဖွဲ့မှ
နုတ်ထွက်ကြောင်းကြေညာထားပြီဖြစ်ရာ
အခြေအနေကို တည်ငြိမ်သွားပြီဟု
မျှော်လင့်ထား၏။

ယခုအချိန်တွင် ယန်ယဲ့ က မကျေနပ်နိုင်ဘဲ ခြံကိုတစ်လက်မချင်းတိုးယူနေကာ သူ၏ မြောက်ပိုင်းအန်ကလန် ကို ရှေးဟောင်းဒိုမိန်းမြို့မှ ထွက်ခွာရန် ဖိအားပေးခဲ့သည်။

ယန်ယဲ့ က မြောက်ပိုင်းအန်ကလန် ၏ဘိုးဘေးကိုစိုက်ကြည့်ရင်း " ဘိုးဘေးအန်! ငါ မင်းကိုအကြောင်းကြားဖို့ ဒီကို ရောက်လာတာက အန်နန်ကျင်း အတွက်ဆိုတာ သိထားသင့်တယ်။"

ဘိုးဘေး အန်ကု ၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားကာ
ဒေါ်အရိပ်အယောင်များပါဝင်နေသည့်အသံဖြင့်
ပြောလိုက်သည်။ "ယန်ယဲ့! ဒါဆို မင်းက
နည်းနည်းလေးများ
လွန်သွားပြီလို့မထင်ဘူးလား?"

ယန်ယဲ့က မတ်တပ်ထရပ်ပြီး ဘိုးဘေးအန်ကု
ကို မျက်လုံးချင်းတည့်တည့် စိုက်ကြည့်ရင်း
"အန်နန်ကျင်းအတွက်သာ မဟုတ်ရင်
ငါဒီမှာရပ်ပြီး မင်းကို
ကောင်းကောင်းစကားပြောနေမှာမဟုတ်ဘူး။

ငါ့ရန်သူတွေကို ငါဘယ်တုန်းကမှ
ကရုဏာမထားတတ်ဘူး။
မင်းရဲ့ မြောက်ပိုင်းအန်ကလန် အခုထိ
ရှိနေသေးတယ်ဆိုတဲ့အကြောင်းပြချက်က
တစ်ခုပဲရှိတယ်။ အဲဒါ ဘာလို့လဲဆိုတော့
ငါယန်ယွဲ့ အန်နန်ကျင်း နဲ့
မိတ်ဆွေဖြစ်နေလို့ပဲ။"

ရှေးဟောင်းဒိုမိန်းမြို့..... ။

အမှန်တကယ်တွင် ရှေးဟောင်းဒိုမိန်းမြို့၏
တည်နေရာအနေအထားက
အလွန်အရေးကြီးပါသည်။

လော့ကျန်း ၏စစ်တပ်သာ
မင်းမဲ့စရိုက်သမုဒ္ဒရာ ကို
ဖြတ်ကျော်လာနိုင်ခဲ့လျှင် ရှေးဟောင်းဒိုမိန်းမြို့
က တောင်ပိုင်းနယ်မြေ၏
နောက်ဆုံးအတားအဆီး
ဖြစ်လာမည်ဖြစ်သည်။
ထို့ကြောင့် ရှေးဟောင်းဒိုမိန်းမြို့က
မဟာမိတ်တစ်ဦး၏လက်ထဲတွင် ရှိနေမှသာ

တောင်ပိုင်းနယ်မြေ အတွက် သေချာပေါက်
အောင်နိုင်ပေမည်။

အန်ကလန် နှစ်ခုစလုံး
မြင့်မြတ်သောဟန်အင်ပါယာနှင့်
မဟာမိတ်အဖြစ်မှ ရုတ်သိမ်းသွားသော်လည်း
သူ့စိတ်ထဲ၌ ၎င်းတို့အား
လုံးလုံးယုံကြည်နိုင်ခြင်းမရှိပေ။

အကယ်၍ အနာဂတ်တွင်
တိုက်ပွဲဖြစ်ပွားလာပါက ၎င်းတို့အားလုံး

လောှကျန်း နှင့် ပူးပေါင်း၍ မြို့တွင်းနှင့်မြို့ပြင်

နှစ်ဖက်ညှပ်အတိုက်ခံရလျှင်

ရှေးဟောင်းဒိုမိန်းမြို့ ကို မည်သို့

ကာကွယ်နိုင်မည်နည်း။

“မင်း….” ဘိုးဘေးအန်ကု

ဒေါသထွက်သွားသည်။

သို့သော် ယန်ယဲ့က ၎င်းကို ဂရုမစိုက်ဘဲ

ထွက်သွားခဲ့သည်။

“မိုက်ရိုင်းလိုက်တာ!” အန်ကု က ဒေါသတကြီးအော်ဟစ်လိုက်ရင်း သူ့ရှေ့က စားပွဲကို ရိုက်ချလိုက်ရာ ချက်ချင်းပင် အမှုန့်အဖြစ် ပြောင်းသွား၏။

"မြောက်ပိုင်းအန်ကလန် ကို ရှေးဟောင်းဒိုမိန်းမြို့ကနေ ရွှေ့ပါ။" ထိုအချိန်တွင် အပြင်ဘက်မှ အသံတစ်ခု ထွက်ပေါ်လာသည်။

ထိုအသံက အန်ကလန် ဘိုးဘေး
ဖြစ်နေသောကြောင့် အန်ကု ဧ၏ခန္ဓာကိုယ်က
အနည်းငယ် တုန်လှုပ်သွားသည်။

ခဏအကြာတွင် အန်ကု က အကူအညီမဲ့စွာ
ရယ်မောပြီး "ဘိုးဘေး၊ အခုအချိန်မှာ
တောင်ပိုင်းနယ်မြေကလွဲလို့
မြောက်ပိုင်းနယ်မြေ နဲ့အနောက်ပိုင်းနယ်မြေ..,
ပြောရရင် လူသားကမ္ဘာတစ်ခုလုံးက
မြင့်မြတ်သောဟန်အင်ပါယာ
ရဲ့ထိန်းချုပ်မှုအောက်ကို ရောက်နေပြီ။
ငါတို့ကဘယ်သွားလို့ရမလဲ"

"တောင်ပိုင်းနယ်မြေ!"

အန်ကလန် ဘိုးဘေး ပြန်ပြောလိုက်သည့် စကားကြောင့် အန်ကု လည်း ပါးစပ်ပိတ်သွား၏။

...

တောင်ပိုင်းအန်ကလန်..... ။

"တကယ်လို့ တောင်ပိုင်းအန်ကလန် က မနက်ဖြန်မှာ ရှေးဟောင်းဒိုမိန်းမြို့မှာပဲ ဆက်ရှိနေသေးတယ်ဆိုရင် အကျိုးဆက်တွေကို ခံနိုင်ဖို့ အသင့်ပြင်ထားပါ။" ယန်ယွဲ့ ၏အေးစက်စက်အသံက တောင်ပိုင်းအန်ကလန် အထက်ကောင်းကင်တွင် ပဲ့တင်ထပ်နေသည်။ အသံထဲတွင် ဆန်းကြယ်ချီစွမ်းအင်ကို ထည့်သွင်းထားသည်ဖြစ်ရာ မြို့တွင်းရှိ လူတိုင်း သူ့အသံကို ရှင်းလင်းစွာကြားလိုက်ကြသည်။

"သူ အရမ်းလွန်သွားပြီ!" အနက်ရောင်ဝတ်အမျိုးသမီးက အခန်းတွင်းကနေ အပြင်ဖက်သို့ကြည့်ကာ အေးစက်စက်အသံဖြင့်ပြောလိုက်ရင်း သူမ၏ခန္ဓာကိုယ်ကနေ သတ်ဖြတ်ခြင်းအငွေ့အသက်များ ထွက်ပေါ်လာလေသည်။

"ငါတို့ထွက်သွားမယ်!" အန်ပိုင်ယဲ့ က အနက်ရောင်ဝတ်အမျိုးသမီး ကို ကြည့်၍ သက်ပြင်းချကာ ပြောလိုက်၏။

"ပိုင်ယှဲ့! ငါတို့ တောင်ပိုင်းအန်ကလန် က
ဘယ်တုန်းကများ အခုလို အရှက်ကွဲတာမျိုး
ခံစားခဲ့ရတာလဲ။ အဲဒါကို ငါတို့
ဒီအတိုင်းငြိမ်ပြီးသီးခံနေရမှာလား?"
အနက်ရောင်ဝတ် အမျိုးသမီးက ပြောသည်။

"နောက်ထပ် ငါတို့ ဘာလုပ်နိုင်မှာလဲ"
အန်ပိုင်ယှဲ့ က အကူအညီမဲ့စွာ
ရယ်မောလိုက်သည်။

“လက်ရှိမှာ တောင်ပိုင်းနယ်မြေရဲ့
အမှောင်မှော်သားရဲအင်ပါယာ နဲ့

မဟာချင်အင်ပါယာ ဆိုတဲ့

အင်အားစုကြီးနှစ်ခုလုံး

မဟာမိတ်ဖွဲ့ထားတဲ့အပြင် ရှေးဟောင်းဒိုမိန်းမြို့

ရဲ့မြို့သခင်ကပါ သူ့ဖက်မှာရပ်တည်နေတယ်။

သူတို့ကို ထားလိုက်ဦး၊

မင်းမဲ့စရိုက်သမုဒ္ဒရာထဲက တင်းကလန် နဲ့

ဗဟိုနယ်မြေ ရဲ့ မိုကလန် တောင်

သူ့ဖက်မှာရှိနေတယ်။ အဲဒီလို မဟာမိတ်အဖွဲ့ကို

ငါတို့ဘယ်လို ဆန့်ကျင်မှာလဲ။”

“ဒါပေမယ့်….”

အန်ပိုင်ယဲ့ က ခေါင်းခါပြီး “ငါတို့တတ်နိုင်တာ ဘာမှ မရှိဘူး။ အဲဒီ အင်အားစုတွေ သူနဲ့ မပူးပေါင်းခဲ့ဘူးဆိုရင်တောင် သိုင်းကျောင်း တွေ ဝင်ပြီးမပါဖို့တားမြစ်ထားတဲ့အတွက် ယန်ယဲ့ ကိုယ်တိုင်က ငါတို့တောင်ပိုင်းအန်ကလန် ကို သေချာပေါက်ဖိနှိပ်နိုင်တယ်။"

အနက်ရောင်ဝတ် အမျိုးသမီးက သက်ပြင်းတစ်ချက်ချပြီး “ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ငါတို့က

မဟာမိတ်ဖွဲ့တာကို မြန်မြန်ဆန်ဆန်ပဲ ရွေးခဲ့တာ

မဖြစ်သင့်ဘူး… ။ မဟုတ်ရင်

မြို့သခင်အိမ်တော်က

ဒီလောက်အကျိုးအမြတ်တွေကို လွယ်လွယ်နဲ့

ရနိုင်မှာမဟုတ်ဘူး။

အခုတော့ မြို့သခင်က

စစ်သည်တစ်ဦးတောင်မသုံးဘဲနဲ့

ရှေးဟောင်းဒိုမိန်းမြို့တစ်ခုလုံးကို ရသွားပြီ။

ဟားဟား! လုယန်ဟောင် က အခွင့်အရေးကို

ဘယ်လိုယူရမယ်ဆိုတာ

တော်တော်လေးသိထားတာပဲ။"

အန်ပိုင်ယွဲ့ က မတ်တပ်ရပ်လိုက်ပြီး "ငါတို့
ရှေးဟောင်းဒိုမိန်းမြို့ကနေ
ထွက်ခွာတော့မယ်ဆိုတာ
တောင်ပိုင်းအန်ကလန်
ရဲ့အဖွဲ့ဝင်တွေအားလုံးကို အကြောင်းကြားပါ!"

"ငါတို့ဘယ်ကိုသွားနေမှာလဲ"

“တောင်ပိုင်းနယ်မြေ..”

ရှေးဟောင်းဒိုမိန်းမြို့မှ ထွက်ခွာလာပြီးနောက်
အလောင်းကောင်ဘိုးဘေးက မေးလာသည်။
"ဟေး၊ ငါတို့ အခု ဘယ်သွားမလို့လဲ"

အစပိုင်းတွင် သူ့စိတ်ထဲ၌
လုံးဝစိတ်မဝင်စားခဲ့ပေ။ သို့သော် ယန်ယဲ့ နှင့်
တဖြည်းဖြည်း ရင်းနှီးလာပြီးနောက် ဤလူသား
၏လုပ်ဆောင်ချက်က သူနှင့်
အလွန်တူညီနေသဖြင့်
ဆန့်ကျင်နေခြင်းမရှိတော့ပေ။

"ဆက်ပြီးသတ်ကြတာပေါ့!" ယန်ယဲ့ က သူ့လက်ထဲ၌ ခရမ်းရောင်မင့်ခ်ကလေး ကို ပွေ့ချီထားကာ တောင်ပိုင်းနယ်မြေဆီသို့ ပျံသန်းလာခဲ့သည်။

၆၂၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

## အပိုင်း ၆၂၈ – တည်ထောင်သူဘိုးဘေး ကို ဆင့်ခေါ်မယ်

“ဟီးဟီး….” အလောင်းကောင်ဘိုးဘေး၏ ရယ်မောသံက လေထဲတွင်ပင် ကျယ်လောင်စွာ ပြန့်နှံ့သွားကာ "ကလေး! ဒီဝိညာဉ်ထိန်းချုပ်ရေးသစ်သားပြားကို ငါ့ဆီ ပြန်ပေး၊ ပြီးရင် နတ်ဆိုးတာအိုလမ်းစဉ်ကို ကျင့်ကြံလိုက်ပါ။ မင်းရဲ့အမူအကျင့်နဲ့ သဘာဝစွမ်းရည်တွေက ငါ့ရဲ့နတ်ဆိုးတာအို ကို အမြင့်မြတ်ဆုံးတာအိုဖြစ်အောင် ပို့ဆောင်ပေးနိုင်မှာ သေချာပါတယ်။"

ယန်ယဲ့ က အလောင်းကောင်ဘိုးဘေးကို စိုက်ကြည့်လိုက်ပြီး "မင်းရဲ့နတ်ဆိုးတာအို က ငါ့ဓားတာအို လောက် သန်မာသလား?"

"ဒါပေါ့!" အလောင်းကောင်ဘိုးဘေးက “ဓားတာအို က ဘာမှမဟုတ်ဘူး။ ရှေးခေတ်တုန်းကဆိုရင် ဓားတာအို က ငါ့နတ်ဆိုးတာအို ရှေ့မှာ အမှိုက်ဖြစ်ခဲ့တယ်။ မဟုတ်ဘူး၊ အမှိုက်ထက်တောင် ပိုဆိုးသေးတယ်”

"မင်းက ဘယ်လိုကောင်လဲ" ယန်ယဲ့ က အံ့သြသွားပြီး မေးလိုက်သည်။

သူ့ရှေ့တွင် ရပ်နေသည့် ဤအရိုးစုကို အတော်လေးကြောက်လန့်သွားမိသည်။

အမှန်စင်စစ် ကောင်းကင်ဖျက်ဆီးခြင်းဓား ကလွဲ၍ ၎င်းအရိုးစုခန္ဓာကိုယ်ကို မည်သည့်တာအိုရတနာလက်နက်ကမှ ချိုးဖျက်နိုင်စွမ်းမရှိပေ။

ထို့အပြင် သူ့အနေဖြင့် ကောင်းကင်ဖျက်ဆီးခြင်းဓား ကို အသုံးပြုလျှင်ပင် ဤအရိုးစုကို မသတ်နိုင်ပေ။

"မင်းက လူမိုက်ပဲ!" အလောင်းကောင်ဘိုးဘေးက ဒေါသတကြီးပြောလိုက်သည်။ “ငါက အလောင်းကောင်ဘိုးဘေး၊ အလောင်းအားလုံးရဲ့ဘိုးဘေးပါ။ နားလည်လား?"

“အလောင်းအားလုံးရဲ့ဘိုးဘေးလား။ အဲဒါဘာလဲ? တခါမှ မကြားဖူးဘူး!” ယန်ယွဲ့ က လုံးဝမသိဟန်ဖြင့် အလောင်းကောင်ဘိုးဘေးကို ထပ်မေးလိုက်ပြန်သည်။

"ဘယ်လို မသိတာ!" အလောင်းကောင်ဘိုးဘေး၏အသံက

အထင်အမြင်သေးမှုအပြည့်ထွက်လာသည်။

"ဒီဘိုးဘေး ကို ဒီနေ့သင်ပြခွင့်ပေးလိုက်။ လွန်ခဲ့တဲ့နှစ်တွေက ပြောရရင် ရှေးဟောင်းခေတ်ဦးပေါ့။ အဲဒီကာလမှာ တာအိုအများကြီး အဆင့်သတ်မှတ်ဖို့ ယှဉ်ပြိုင်ခဲ့ကြတယ်။

အဲဒီမှာ ဓားတာအို၊ သိုင်းတာအို၊ ဆေဘာတာအို၊ ကံကြမ္မာတာအို၊ ဝိညာဉ်တစ္ဆေတာအို နဲ့ နတ်ဆိုးတာအို ဆိုပြီးရှိတယ်။

ငါက နတ်ဆိုးတာအိုကိုလျှောက်ခဲ့တာ။

ငါပိုသတ်လေလေ၊

သွေးအဆီအနှစ်နဲ့ဝိညာဉ်တွေကို

ပိုပြီးစုပ်ယူလေလေ သန်မာလာလေလေပဲ။

.လွန်ခဲ့တဲ့အတိတ်ကာလနှစ်တွေမှာ

ငါ့နတ်ဆိုးတာအို က သိုင်းတာအို အောက်မှာ

အသန်မာဆုံးပဲ။”

"ဒါကို သတ်ဖြတ်ခြင်းတာအို လို့ ဘာလို့

မခေါ်တာလဲ။ ဒီတာအိုက ကမ္ဘာကြီးရဲ့

ဟန်ချက်ညီမှုကို ထိခိုက်စေတယ်၊ ဒါဆို

ကောင်းကင်က မင်းရဲ့နတ်ဆိုးတာအို

တည်ရှိမှုကို ဘယ်လိုသီးခံနိုင်မှာလဲ?" ယန်ယဲ့ က ပြောလိုက်သည်။

"မဖြစ်ဘူး!" အလောင်းကောင်ဘိုးဘေး က "ဒီလိုလုပ်တာဟာ ကောင်းကင်က သူ့ရဲ့တည်ရှိမှုကို သည်းမခံနိုင်တော့တဲ့အတွက်ကြောင့်ပဲ နတ်ဆိုးတာအို က ပျောက်ကွယ်လုနီးပါးဖြစ်သွားခဲ့တယ်။ ဒါပေမဲ့ အဆင်ပြေပါတယ်။ ငါ့ရုပ်ခန္ဓာကို ပြန်ရပြီးတာနဲ့ နတ်ဆိုးတာအို ကို သေချာပေါက် ပြန်တည်ဆောက်မှာပါ!"

ယန်ယဲ့ က ရုတ်တရက်ပြောလိုက်သည်
"ဒါကိုဖြစ်မြောက်ဖို့အတွက် မင်းလူဘယ်
လောက်လောက်သတ်ရမှာလဲ။"

အလောင်းကောင်ဘိုးဘေး က ပေါ့ပေါ့ဆဆပင်
ပြန်ပြောလေသည်။ "သန်း ၁၀၀
ကျော်လောက်လိုနေသေးတယ်။"

ယန်ယဲ့ က ခေါင်းညိတ်ပြီး "အခွင့်အရေးရရင်
ငါတို့ မြင့်မြတ်သောဟန်အင်ပါယာကို

သွားမယ်၊ ပြီးတော့ မင်းစိတ်ထဲ
ကျေနပ်တဲ့အထိ သတ်ပစ်နိုင်ပါ့မလား"

"တကယ်လား?" အလောင်းကောင်ဘိုးဘေး၏
အသံက ဖုံးကွယ်မထားသည့်
စိတ်လှုပ်ရှားမှုများ ပြည့်နေလေသည်။

ယန်ယဲ့ က “ဟုတ်တယ်။ ငါတို့ အခု
လူသွားသတ်ကြမယ်!"

"မင်း ငါ့ရဲ့နတ်ဆိုးတာအို နဲ့ တွဲဖို့
မစဉ်းစားဘူးလား။ ဒါကို မင်း

ကျင့်ကြံမယ်ဆိုရင် အနာဂတ်မှာ မင်းက ကြောက်စရာကောင်းတဲ့ နတ်ဆိုးတစ်ကောင် ဖြစ်လာမယ်ဆိုတာ ငါပြောရဲတယ်။

ကောင်းကင်ကြီးတောင် မင်းအပေါ် အကူအညီမဲ့ဖြစ်လိမ့်မယ်!”

အလောင်းကောင်ဘိုးဘေးက ယန်ယွဲ့ ကို သွေးဆောင်နေ၏။

“အမှိုက်စကားတွေ ရပ်တော့။ အခုတော့ အကောင်းဆုံးလုပ်ပြီး နောက်ကျမှ မင်းရဲ့စိတ်ထဲရှိတဲ့အတိုင်းသတ်ပစ်လိုက်။"

"အင်း သနားစရာပဲ!"

...

ပန်းနန်းတော်။

မူလကျောင်းတော် ဖျက်ဆီးခံရပြီးနောက်တွင် ပန်းနန်းတော်ကနေ မရေတွက်နိုင်သော တပည့်များထွက်ခွာသွားကြသည်။ လက်ရှိတွင် ပန်းနန်းတော်၌ တပည့် အရေအတွက် (၁၀,၀၀၀) အောက်သာ ကျန်ရှိတော့၏။

ဤအချိန်တွင် ပန်းနန်းတော်တစ်ခုလုံးကို အုံ့ဆိုင်း၊ညို့မှိုင်းနေသည့် အရှိန်အဝါ၊ အငွေ့အသက်များဖြင့် ဖုံးလွှမ်းထားသည်။

ပန်းခန်းမ။

"အကြီးအကဲ! ပန်းနန်းတော် ကို ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၂,၀၀၀)လောက် ဝိုင်းထားတယ်။ငါတို့... ငါတို့ မလွတ်မြောက်နိုင်ဘူး!"
အမျိုးသမီးတစ်ဦးသည် ခန်းမထဲသို့

ပြေးဝင်လာကာ တုန်လှုပ်နေသောအသံဖြင့် ပြောလိုက်သည်။

ချန်းဟွာဂူ က အသက်ပြင်းပြင်းရှူပြီး "ဒီလိုဆို ယန်ယဲ့က ငါတို့ကို အပြီးတိုင်ဖျက်ဆီးပစ်ဖို့ ရည်ရွယ်ထားတာပေါ့။"

"သူသေကိုယ်သေတိုက်ရအောင်!"

“မြင့်မြတ်သောဟန်အင်ပါယာက လူယုတ်မာတွေ! ငါတို့ကို တကယ်ပဲ စွန့်ပစ်ခဲ့တာ။ အဲဒါအတွက် သူတို့ တကယ်

သေသင့်တယ်၊ မဟုတ်ရင် ငါတို့
ပန်းနန်းတော်က ဘယ်လိုလုပ်
ဒီလိုအခြေအနေမျိုး ရောက်သွားနိုင်မလဲ”

“ဒီနေ့ ငါတို့ရဲ့ ပန်းနန်းတော်
တောင်ပိုင်းနယ်မြေကနေ
ပျောက်ကွယ်သွားတော့မှာလား”

ခန်းမထဲတွင်
ဝမ်းနဘ်းမှုအငွေ့အသက်များနှင့်ပြည့်နေ၏။

“ငါတို့ ဘိုးဘေးကို ဆင့်ခေါ်မယ်။"
ခဏအကြာတွင် ချန်းဟွာဂူက
ရုတ်တရက်ပြောလာသည်။

"ဘာလဲ!?" ချန်းဟွာဂူ ၏စကားကြောင့်
ခန်းမထဲမှ လူတိုင်း အံ့သြသွားကြသည်။
"စီနီယာအစ်မ.....ဘယ်လို....?"

ချန်းဟွာဂူ က "မူလကျောင်းတော်မှာ
ဘာတွေဖြစ်ခဲ့တာကို နင်တို့
မတွေ့လိုက်ဘူးလား။
ငါတို့လက်နက်ချရင်တောင် ယန်ယဲ့က

ငါတို့ကိုလွှတ်မယ်လို့ နင်ထင်လား။

သူလုပ်မှာမဟုတ်ဘူး။

ငါတို့ ပန်းနန်းတော်ရဲ့ တပည့်တိုင်းကို

ချေမှုန်းပစ်မယ်ဆိုတာအသေအချာပဲ။

သူက ငါတို့ရဲ့ ပန်းနန်းတော်ကို

ဖျက်ဆီးချင်တယ်ဆိုမှတော့ သူ့နောက်မှာ

သူတော်စင်တစ်ပိုင်းအဆင့်

ဆရာရှိနေရင်တောင် တန်ရာတန်ကြေးတော့

ပြန်ပေးခိုင်းရမယ်။"

ချန်းဟွိုင် က "စီနီယာအစ်မ! ငါတို့မှာ

တခြားရွေးချယ်စရာ မရှိဘူးလား"

ချန်းဟွာဂူ က ခေါင်းခါလိုက်သည်။ "တိုက်ပွဲမှာ သိုင်းကျေရာဇ်တွေ ဝင်မပါရဘူးဆိုရင် ပန်းနန်းတော် က သူ့ကို လုံးဝ မခုခံနိုင်ဘူး။

နင်ဒီလိုလုပ်ဖို့ မခံနိုင်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ ငါတို့ရဲ့ပန်းနန်းတော်မှာ တခြားနည်းလမ်းရှိတော့လို့လား။

ဘာပဲဖြစ်ဖြစ် ငါ့တို့ကသေတော့မှာပဲလေ။ ဒီတော့ ဘာကြောင့် အဓိပ္ပါယ်ရှိတဲ့ သေခြင်းမျိုး မသေတာလဲ။ တည်ထောင်သူဘိုးဘေးက ငါတို့ကိုယ်စား ယန်ယဲ့ကို လက်စားချေပေးလိမ့်မယ်!”

"အင်း၊ အမှန်ဆိုရင် ငါတို့ အဲဒီနေ့က ဖန်းယု ကို မသတ်သင့်ဘူး...။" ချန်းနန်စီ က တိုးတိုးလေး သက်ပြင်းချလိုက်သည်။

"အခုအချိန်မှာ ဒါတွေအားလုံးကို ပြောနေဖို့ အဓိပ္ပါယ်မရှိတော့ဘူး!" ချန်းဟွာဂူ က အေးစက်စွာပြောလိုက်သည်။

"ချန်းဟွိုင်! သူတို့ကို အချိန်ဆွဲဖို့ ပန်းတစ်ရာဝက်ပါကို အသက်သွင်းပါ။ ပြီးတော့ ငါတို့ရဲ့ဘိုးဘေးကို ဆင့်ခေါ်မယ်။"

ချန်းဟွိုင် က ခဏကြာတုံ့ဆိုင်းနေပြီးမှ
အဆုံးတွင် ခေါင်းညိတ်လိုက်သည်။

.....။

အချိန်အနည်းငယ်အကြာ..... ။

ပန်းနန်းတော် ၏အထက်လေထုထဲတွင်
မရေမတွက်နိုင်သော ရောင်စုံပန်းပွင့်များ
ပေါ်လာပြီး ပန်းတောင်တန်းတစ်ဝိုက်တွင်
ရောမဝက်ပါကြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည် ။

၆၂၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၂၉ – မမြင်နိုင်သည့် အန္တရာယ်

ပန်းနန်းတော် အပြင်ဖက်။

ပွင့်ချပ်များမှ ထွက်ပေါ်လာသည့်

အလင်းအတားအဆီးကို မြင်သောအခါ ယန်ယွဲ့

၏ အမူအရာက အနည်းငယ်

လေးနက်လာသည်။

ပန်းနန်းတော်ထဲသို့ တပ်ဖွဲ့ဝင်များ နှင့်အတူဝင်ရောက်ရန် စီစဉ်နေတုန်းပင်ရှိသေး ပတ်ပတ်လည်တွင် ထို ပန်းပွင့်များစွာ ပေါ်လာလိမ့်မည်ဟု မထင်ထားပေ။

"ဒါက ပန်းတစ်ရာဝက်ပါ။ ပန်းနန်းတော်ရဲ့ နောက်ဆုံးအဆင့် အစွမ်းထက်ဆုံး ဂိုဏ်းစောင့်မဟာဝက်ပါ ပဲ။" တင်းရှောက်ယောင် က ဘေးနားကနေ ပြောလိုက်သည်။ "ငါ ပန်းနန်းတော် ကို

မတိုက်ခိုက်ခင် နင့်ကို စောင့်မနေသင့်ဘူး။ ဟူး..
အခုတော့ တော်တော်ဒုက္ခများဦးမယ်။”

မူလကျောင်းတော် ကို ဖျက်ဆီးပြီးနောက် တွင် တင်းရှောက်ယောင် က ရပ်တန့်မနေဘဲ တပ်ဖွဲ့ဝင်တစ်ဝက်ကို ပန်းနန်းတော် သို့ တိုက်ရိုက်စေလွှတ်ခဲ့သည်။

ဤအခိုက်က ပန်းနန်းတော်၊ ဝိညာဉ်တစ္ဆေဂိုဏ်း နှင့် လသူတော်စင်ဂိုဏ်း တို့အား ဖျက်ဆီးရန် အကောင်းဆုံး အချိန်ပင် ဖြစ်သည်။

ဤဂိုဏ်းကြီး ၃ ဂိုဏ်းသာ ဖျက်ဆီးခံရလျှင်
တောင်ပိုင်းနယ်မြေ က အနာဂတ်၌ လော့ကျန်း
ဦးဆောင်သည့်
မြင့်မြတ်သောဟန်အင်ပါယာစစ်တပ်ကို
တန်ပြန်တိုက်ခိုက်ရန်
မဟာမိတ်တစ်ခုဖွဲ့စည်းနိုင်ပေမည်။

တင်းရှောက်ယောင် က ပန်းနန်းတော်အား
ဖျက်ဆီးရန် အမိန့်မပေးရသည့်
အကြောင်းရင်းမှာ ယန်ယွဲ့ နှင့်
ပန်းနန်းတော်ကြားမှ ရန်ငြွေး ကို
သိထားသောကြောင့်ပင်။

ပန်းနန်းတော်အား
ဝိုင်းရံထားရုံသာအမိန့်ပေးခဲ့ပြီး ယန်ယဲ့
ရောက်ရှိလာချိန်ထိ မတိုက်ခိုက်ခဲ့ပေ။

သို့သော် ဤအခိုက်တွင် ပန်းနန်းတော် က
အဆုံးအစွန်ထိ တန်ပြန်ခုခံရန်
ပန်းတစ်ရာဝက်ပါကို အသက်သွင်းလိမ့်မည်ဟု
မထင်ထားခဲ့ချေ။

ယန်ယဲ့ က ပတ်ပတ်လည်တွင် ပွင့်အာလာသည့် ပန်းပွင့်ချပ်များနှင့် အလင်းတန်းများကို ကြည့်နေရင်း ပြောလိုက်သည်။

"ဒါလည်း အဆင်ပြေပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေ့မှာ ပန်းနန်းတော်ကို အပြီးတိုင် ဖျက်ဆီးပစ်မယ်!" အတိတ်ကာ၌ သူ့တွင် လုံလောက်သော ခွန်အားမရှိသဖြင့် နှလုံးသားထဲမှ မုန်းတီးမှုဖြင့်သာ ထွက်သွားခဲ့ရသည်။

ယခုအချိန်တွင်မူ ပန်းနန်းတော်ကို ဖျက်ဆီးပြီး သူ့အမေကိုယ်စား လက်စားချေရာတွင် သူ့ကို တားဆီးနိုင်သည့်အရာ မရှိတော့ပေ။

တင်းရှောက်ယောင် က ခေါင်းညိတ်ပြီး
ပြန်ပြောသည်။ "ငါ
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
(၁,၀၀၀)ကျော် စေလွှတ်ပြီး ဝိညာဉ်တစ္ဆေဂိုဏ်း
နဲ့ လသူတော်စင်ဂိုဏ်း ကို တိုက်ခိုက်ဖို့
အမိန့်ပေးထားတယ်။

သူတို့ရဲ့ လက်ရှိအနေအထားနဲ့ဆို
ငါတို့ရဲ့တပ်ဖွဲ့တွေကို တားဆီးနိုင်မှာမဟုတ်ဘူး။

အခုလက်ရှိမှာတော့ ပန်းနန်းတော် ပဲ
ကျန်တော့တယ်။

ပန်းနန်းတော် ရဲ့တပည့်တွေကို
ရင်ဆိုင်ဖို့လွယ်ကူတယ်ဆိုပေမဲ့ သူတို့မှာ
သိုင်းကျောင်း (၄)ဦးကျန်နေသေးတယ်။"

"စိတ်မပူပါနဲ့ ဒီနေ့ သူတို့ လွတ်မြောက်နိုင်မှာ
မဟုတ်ဘူး!" ဤအခိုက်အတန့်တွင်
တည်ထောင်သူကျောင်း က ဘေးနား၌
ဝန်ကြီးချုပ်လီစီ နှင့် စစ်သေနာပတိချုပ်ပိုင်ချီ
တို့နှင့်အတူ ရုတ်တရက် ပေါ်လာခဲ့သည်။

"ငါလည်း ဒီလိုပဲထင်တယ်။"
တစ်ချိန်တည်းတွင် သားရဲကေရာဇ် ကလည်း
လူအိုကြီးနှစ်ဦးနှင့်အတူ ထပ်မံ၍
ပေါ်လာခဲ့လေသည်။

သိုင်းကေရာဇ် (၆) ယောက် ။

"အဟမ်း။ ငါတို့ကိုလည်း
ထည့်တွက်လို့ရတယ်!" ထိုအချိန်တွင်
ရှောင်တန်းဂျီ နှင့် နဂါးဖြူ
တို့လည်းထွက်ပေါ်လာခဲ့ကြသည်။

"အကြီးအကဲ?" နောက်ဆုံး ရောက်ရှိလာသူက တွေ့ရခဲ့သည့် ရှောင်တန်းဂျီ ဖြစ်နေလိမ့်မည်ဟု မထင်ထားသောကြောင့် ယန်ယဲ့ ပင်အနည်းငယ် အံ့အားသင့်သွား၏။

တင်းရှောက်ယောင် သည် ရှောင်တန်းဂျီ ကို မြင်သောအခါ လျင်မြန်စွာ လျှောက်သွားပြီးနောက် ရိုသေစွာ ဦးညွှတ်ကာ "မင်္ဂလာပါ အကြီးအကဲ! ဒီဂျူနီယာ က တင်းကလန် ရဲ့မျိုးဆက်ပါ။ "

ရှောင်တန်းဂျီ ကြောင့်သာမဟုတ်လျှင်
တင်းကလန်က ရှေးယခင်ချိန်ကတည်းကပင်
ပျက်စီးသွားပြီဖြစ်သည်။

ထို့ကြောင့် တင်းကလန် ထဲရှိ မည်သူမှ
ရှောင်တန်းဂျီ ၏ကြွင်နာမှုကို မမေ့ဝံ့ကြပေ။

ရှောင်တန်းဂျီ က ညင်သာစွာ ခေါင်းညိတ်ပြီး
"မင်းက တင်းရှောက်ယောင် ဆိုတာလား?
လူတိုင်းရဲ့အထင်အမြင်နဲ့ယူဆချက်တွေကို

ငြင်းပယ်ပြီး တင်းကလန် ကို ယန်ယွဲ နဲ့
မဟာမိတ်ဖွဲ့ခဲ့သူလား?"

“ဟုတ်ပါတယ် အကြီးအကဲ!”
တင်းရှောက်ယောင် က နောက်တစ်ကြိမ်
ဦးညွှတ်၍ လေးလေးစားစား
ပြန်ဖြေလိုက်သည်။

ရှောင်တန်းဂျီ က ပြုံးလေသည်။ "ငါ့ကိုယုံပါ၊
မင်းရဲ့ရွေးချယ်မှုက မှန်တယ်!"

"ဒီဂျူနီယာလည်း အဲ့လိုပဲထင်တယ်!" တင်းရှောက်ယောင် က ပြုံးရွှင်စွာ ပြောလိုက်၏။

ယခုအချိန်တွင် သူမက ယန်ယဲ့ နှင့် ပူးပေါင်းပြီးနောက် ၎င်းတို့၏အင်အားက မြင့်မြတ်သောဟန်အင်ပါယာထက် နိမ့်ကျနေသည့်တိုင် ယန်ယဲ့ ကြောင့် ပို၍ အင်အားကြီးလာမည်ဟု ယုံကြည်ထားသည်။

မြင့်မြတ်သောဟန်အင်ပါယာ နှင့် လော့ကျန်း ၏အကြီးမားဆုံးအမှားက

ပန်းနန်းတော်အတွက် ယန်ယဲ
နှင့်ရန်သူဖြစ်သွားခဲ့ခြင်းပင်။

လော့ကျန်း သာ ပန်းနန်းတော် ကို
စွန့်ပယ်ခဲ့လျှင် (သို့) ယန်ယဲ့ ကို တိုက်ခိုက်ရန်
မကူညီခဲ့ပါက
မြင့်မြတ်သောဟန်အင်ပါယာအတွက်
တောင်ပိုင်းနယ်မြေကို ပေါင်းစည်းရန်
အလွန်လွယ်ကူသွားမည်ဖြစ်သည်။
အဘယ်ကြောင့်ဆိုသော်
တောင်ပိုင်းနယ်မြေတစ်ခုလုံးတွင် ယန်ယဲ့
မပါဘဲနှင့် မည်သည့်အင်အားစုကမှ

မြင့်မြတ်သောဟန်အင်ပါယာ ၏တိုက်ခိုက်မှုကို ခုခံနိုင်စွမ်းမရှိပေ။

ကံဆိုးစွာပင် လော့ကျန်း က သူ့ကိုယ်သူ ယုံကြည်မှု လွန်ကဲသွားပုံပင်။

မြင့်မြတ်သောဟန်အင်ပါယာသည် တောင်ပိုင်းနယ်မြေ ကို ချီတက်လာပါက ယန်ယဲ့ ၏တပ်ဖွဲ့များကို ဖျက်ဆီးပစ်နိုင်မည်ဟု ထင်လိုက်ပုံရသည်။

သို့သော်၊ လက်တွေ့တွင်မူ အမှန်တရားက မည်သူမှားကြောင်း သက်သေပြခဲ့၏။

"အကြီးအကဲ! ဒီမှာ ဘာလုပ်နေတာလဲ" ယန်ယဲ့ က ရှောင်တန်းဂျီ ကို ဦးညွှတ်ရင်း မေးလိုက်သည်။

ရှောင်တန်းဂျီ ၏အမူအရာက ရုတ်ချည်းပင် လေးလံသွားကာ ပန်းနန်းတော်အား စိုက်ကြည့်ရင်း "ငါ့စိတ်တွေလေးလံနေတယ်။ နိမိတ် မကောင်းဘူး!"

ဤသည်ကိုကြားသောအခါ
ဤနေရာရှိလူတိုင်း၏ အမူအရာများ
ပြောင်းလဲသွားကြသည်။

ရှောင်တန်းဂျီ က မည်သူနည်း?
၎င်းသည် အနာဂတ်ကံကြမ္မာကို
ခန့်မှန်းနိုင်စွမ်းရှိသည့်
ကြောက်မက်ဖွယ်ကောင်းသော
တည်ရှိမှုတစ်ခုဖြစ်သည်။

သို့သော် ယခုအချိန်တွင်မူ ၎င်းသည်ပင် ဆိုးရွားသည့် ခံစားချက်များ ရှိနေသည်လား။ " ပန်းနန်းတော်မှာ လူတိုင်းမသိနိုင်တဲ့ အစွမ်းထက်ဝှက်ဖဲတစ်ခုခုများ ရှိနိုင်မလား?

ရှောင်တန်းဂျီ က မျက်မှောင်ကြုတ်ပြီး ခေါင်းခါလိုက်စဉ်။ “ဒီခံစားချက်က ဘယ်အချက်ကို အတိအကျ မဆုံးဖြတ်နိုင်ဘူး၊ ဒါက အရမ်းဆိုးရွားတဲ့ ခံစားချက်တစ်ခုပါပဲ။ ပန်းတစ်ရာဝက်ပါကို ချိုးဖျက်ပြီးတာနဲ့ အစစအရာရာ သတိထားရမယ်။

သားရဲကောရာဇ်နဲ့ တည်ထောင်သူကောရာဇ်
ကျေးဇူးပြုပြီး ငါနဲ့ ယှန်ယဲ့ ကို
ကာကွယ်ပေးထားပါ။  ငါ့ရဲ့ ပင်ကိုယ်က ငါ့မှာ
အန္တရာယ်ရှိနိုင်တယ်လို့ ပြောထားလို့ပဲ။”

သားရဲကောရာဇ်နှင့်
တည်ထောင်သူကောရာဇ်တို့လည်း
မျက်နှာပေါ်တွင် လေးနက်သောအမူအရာဖြင့်
ခေါင်းညိတ်ပြကြသည်။

“အကြီးအကဲ၊ အဲဒါမျိုးဆိုတော့ အခု ငါတို့က ဘာလို့ နောက်မဆုတ်ဘဲဆက်နေတာလဲ”

တင်းရှောက်ယောင် လည်း မျက်နှာပေါ်တွင် လေးနက်သောအမူအရာဖြင့် ပြောလေသည်။

ယခုအချိန်တွင် အားလုံးက ယန်ယဲ့ကို တစ်ခုခုဖြစ်ရန် မလိုလားကြပေ။

အကယ်၍ ယန်ယဲ့ တစ်ခုခုဖြစ်သွားသည်နှင့် တောင်ပိုင်းနယ်မြေ ၏မဟာမိတ်အဖွဲ့က သေချာပေါက်ပျက်စီးသွားနိုင်သောကြောင့်ပင်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၁၀ – တည်ထောင်သူဘိုးဘေး က မသေသေးဘူး

ရှောင်တန်းဂျီ က ခေါင်းခါလိုက်သည်။

“တချို့အရာတွေက ရှောင်လွှဲလို့ မရဘူး။ လာ၊ ဝင်ကြည့်ရအောင်။ ပန်းနန်းတော် က ငါတို့ကို ဘယ်လိုလှည့်ကွက်တွေနဲ့ စောင့်ကြိုနေလဲဆိုတာ ကြည့်ရအောင်။”

စကားပြောနေရင်းဖြင့် တည်ထောင်သူကေရာဇ် နှင့် သားရဲကေရာဇ် ကို စိုက်ကြည့်ကာ "မင်းတို့နှစ်ယောက်! ကျေးဇူးပြုပြီး ငါ့ကို လက်တစ်ဖက်လောက် ငှားပါ!"

တည်ထောင်သူကေရာဇ် နှင့် သားရဲကေရာဇ် နှစ်ယောက်လုံး ခေါင်းညိတ်ပြီး ပြန်ဖြေလိုက်ကြသည်။

ထို့နောက်တွင် သိုင်းကျောင်းဆရာ၏ (၃)ဦးက ရှေ့ကို တိုးလိုက်ကြပြီး ပန်းတစ်ရာဝက်ပါ၏ပဟိုချက်ဆီသို့ လက်သီးဖြင့် ထိုးချလိုက်ကြလေသည်။

အုန်း!

ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာပြီးနောက်တွင်ပန်းတစ်ရာဝက်ပါက အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲထွက်သွား၏။

တစ်ချိန်တည်းပင် လူတိုင်း ပန်းနန်းတော် အတွင်းပိုင်းကနေ
အလွှန်ထူထပ်သိပ်သည်းသည့် သွေးမြူများ ထွက်လာသည်ကို သတိပြုမိလိုက်ကြသည်။

ဤ ထူးဆန်းသော အခြေအနေကြောင့် လူတိုင်း၏အမူအရာများက ရုတ်တရက်ဆိုသလိုပင် ပြောင်းလဲသွားသည်။

တင်းရှောက်ယောင် က အသံတိုးတိုးဖြင့် ပြောလိုက်သည်။ "ဘာလို့ ဒီလောက်ပြင်းထန်တဲ့ သွေးချီတွေ ပြည့်နေရတာလဲ။ ပန်းနန်းတော်က ဘာလုပ်နေတာလဲ"

ယန်ယဲ့ က ခေါင်းခါပြီး "ဆက်သွားရအောင်။ ငါတို့ အထဲကိုဝင်ကြည့်လိုက်တာနဲ့ သဘာဝကျကျ သိလာလိမ့်မယ်!"

ဤသို့ဖြင့်.....။

ပန်းနန်းတော်ထဲဝင်သွားပြီးနောက်
သူတို့အားလုံး မျက်စိရှေ့မှာတင်
မြင်ကွင်းကြောင့် ထိတ်လန့်သွားကြသည်။

ပန်းနန်းတော်တစ်လျှောက်လုံးတွင် မည်သည့်
အသက်စွမ်းအင်မရှိတော့သကဲ့သို့
ခြောက်ကပ်နေ၏။

ယန်ယဲ့ နှင့်အဖွဲ့ ဝင်ရောက်သွားပြီးနောက်
ပန်းခန်းမ ၏အလယ်ဗဟို ၌ ပေ

(၁၀၀,၀၀၀)ခန့် ကျယ်ဝန်းသည့် သွေးကန်ကြီး
ကို မြင်လိုက်ကြရသည်။

သွေးကန်ကြီးထဲတွင် ပန်းနန်းတော်
၏ထောင်ချီနေသောတပည့်များ
၏အလောင်းများနှင့်အရိုးများရှိနေလေသည်။
ဤအခိုက်အတန့်တွင် သွေးကန်ထဲမှ
အဆက်မပြတ် အော်ဟစ်နေကြသည်။

လူတိုင်း သွေးကန်ကြီးထဲမှ
ပျံထွက်သွားချင်သော်လည်း မမြင်နိုင်သော

စွမ်းအားတစ်ခုက ၎င်းတို့ကို
တားဆီးထားသဖြင့် ထွက်ခွာနိုင်ခြင်းမရှိကြပေ။

ပေ(၁၀၀,၀၀၀)ခန့် ကျယ်ဝန်းသည့်
သွေးကန်ကြီး ၏ဘေးနားတွင်မူ ချန်းဟွာဂူ၊
ချန်းဟွိုင် နှင့် ချန်းနန်စီ တို့သုံးဦး
ရပ်နေကြသည်။

ချန်းဟွာဂူ ၏မျက်နှာပေါ်တွင်
မည်သည့်ခံစားချက်မှရှိမနေဘဲ
သွေးကန်ကြီးထဲမှ

အဆက်မပြတ်အော်ဟစ်နေသည့်
တပည့်များအား မမြင်တွေ့ရသကဲ့သို့ပင်။

အခြားတစ်ဖက်တွင်၊ ချန်းနန်စီ နှင့် ချန်းနန်စီ
တို့နှစ်ဦး ၏မျက်နှာများက သိသိသာသာ
နာကျင်ကြေကွဲဟန်များပေါ်လွင်နေပါသည်။

"သိုင်းပညာဘိုးဘေး! ဘာဖြစ်လို့လဲ။
ဘာကြောင့်? ငါတို့ကို
ဘာလို့ဒီလိုဆက်ဆံရတာလဲ" "အား။
နင်တို့တွေ! သေစမ်း....။ ငါတစ္ဆေတစ်ကောင်လို

ပြန်လာရရင်တောင် နင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ငါ နင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ အား!"

"ဟားဟား! ငါ ဖုရှုံ က ယန်ယွဲ့ ရဲ့လက်ထဲမှာ မသေသေးပေမဲ့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘဲ ကိုယ့်ဂိုဏ်းရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့တယ်။

တကယ့်ကို ရယ်စရာကောင်းလိုက်တာ။ ဘယ်လောက်ရယ်စရာကောင်းလဲ။ ဟားဟား!"

"ကံတရားက မင်းတို့အားလုံးအတွက် ပြန်လာလိမ့်မယ်။ အား....အား!"

သွေးကန်ကြီးထဲမှ တပည့်များ
၏အော်ဟစ်ငြီးငြူသံများကြောင့် ချန်းဟွိုင် နှင့်
ချန်းနန်စီ တို့နှစ်ဦးလုံး ခန္ဓာကိုယ်များ
တုန်ယီနေကာ လက်သီးများကို
တင်းတင်းဆုပ်ထားလိုက်ကြသည်။

ခဏအကြာတွင်
အော်ဟစ်ကျိန်ဆဲသံများတိတ်ဆိတ်သွားပြီး
ပျောက်ကွယ်သွား၏။

“မလိုလောက်သေးဘူး….” ချန်းဟွာဂူက ယန်ယဲ့ ဦးဆောင်လာသည် အဖွဲ့ကို သတိမထားမိဟန်ဖြင့်သက်ပြင်းချလိုက်သည်။

ချန်းဟွိုင် ၏မျက်လုံးများက အနည်းငယ်မှိန်ဖျော့သွားကာ ထို့နောက်တွင်တော့ နှစ်ယောက်လုံး သွေးကန်ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာကြသည်။

ချန်းဟွာဂူ "မင်းတို့နှစ်ယောက်လုံး ကြီးပြင်းလာတာကို ငါမျက်စိနဲ့မြင်ခဲ့ရတယ်။

မင်းတို့နှစ်ယောက်တစ်သက်လုံး မကောင်းတာ မလုပ်ဖူးဘူး။ နှစ်ယောက်လုံး ပုခုံးမဖက်သင့်တဲ့အရာတွေရှိတယ်၊ နှစ်ယောက်စလုံးလည်း မလုပ်သင့်ဘူး!"

“စီနီယာအစ်မ…” ချန်းဟွိုင် က တုန်လှုပ်နေသည့်အသံဖြင့် ပြောလိုက်သည်။

ချန်းဟွာဂူ က ခေါင်းယမ်းလိုက်ပြီး ယန်ယဲ့ ၏အဖွဲ့ကို ကြည့်လိုက်ပြီး "နင်အခုခေါ်လာတဲ့အရေအတွက်ကိုကြည့်ရင် ငါတို့သုံးယောက်စလုံးကို လွှတ်ပေးဖို့တောင် ဆန္ဒမရှိဘူးထင်တယ်!"

ယန်ယဲ့ က ရှေ့တွင်မြင်နေရသည့် ပေ (၁၀၀,၀၀၀)ခန့်ကျယ်ဝန်းသည့် သေွးကန်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး "ငါ အသက်ရှင်နေသရွေ့ ပန်းနန်းတော် ကို တောင်ပိုင်းနယ်မြေကနေ အပြီးတိုင် ဖယ်ရှားပစ်မယ်လို့ အတိတ်က ကျိန်ဆိုခဲ့တယ်။ အခု ကတိတည်ဖို့ ငါလာပြီ။ စိတ်မပူပါနဲ့၊ ထွက်ပြေးသွားတဲ့ တပည့်တွေတောင် မင်းတို့အားလုံးနဲ့ လိုက်လာလိမ့်မယ်။ ငါ့အမေရဲ့အသက်ကို

ပန်းနန်းတော်ကလူတိုင်းရဲ့ဘဝနဲ့
ပြန်ဆပ်ခိုင်းမယ်!”

ချန်းဟွာဂူ က သက်ပြင်းချကာ "တကယ်တော့
နင် ဓားအင်ပါယာ ဖြစ်လာပြီဆိုတာ
သိလိုက်ကတည်းက ငါနှောင်တရနေခဲ့တယ်။
နင့်အမေကို သေဒဏ်ပေးပြီး
ပန်းနန်းတော်အတွက်
အရမ်းကြောက်စရာကောင်းတဲ့ ရန်သူကို
ဖန်တီးခဲ့မိလို့ နောင်တရမိတယ်။
ဒါကြောင့် နင့်ကို ဖယ်ရှားပစ်ဖို့ အတတ်နိုင်ဆုံး
ငါအစွမ်းကုန်ကြိုးစားခဲ့တယ်။

မူလကျောင်းတော် နဲ့ ဝိညာဉ်တစ္ဆေဂိုဏ်း နှစ်ခုလုံးကိုတောင် လူသားကေရာဇ် လော့ကျန်း နဲ့ပူးပေါင်းဖို့ စည်းရုံးခဲ့တာလေ။"

"ချန်းဟွာဂူ! အခု ဒါတွေအားလုံးကို ပြောဖို့က အခိပ္ပါယ်မရှိဘူးမဟုတ်လား?" ယန်ယဲ့ က အေးစက်စက် ပြောလိုက်သည်။

ချန်းဟွာဂူ က ခေါင်းညိတ်ပြီး "ဒါက တကယ်ကို အဓိပ္ပါယ်မဲ့ပါတယ်။ ဒီနေ့ရလာဒ် ဘယ်လိုပဲဖြစ်ဖြစ် ပန်းနန်းတော်က

တည်ရှိတော့မှာမဟုတ်လို့ ငါက ဂိုဏ်းရဲ့အပြစ်သားတစ်ဦးအနေနဲ့ တစ်ခုခုတော့လုပ်ရမယ်။

မှန်တယ်၊ အဲဒီနေ့တုန်းက နင် ပန်းသင်္ချိုင်းထဲကို ဝင်လိုက်တော့ ခေါင်းတလားတွေ လိုက်ဖွင့်ခဲ့တယ်မဟုတ်လား။ ပြီးတော့ ပန်းတစ်ထောင်ခေါင်းတလားထဲမှာ တည်ထောင်သူဘိုးဘေး ရဲ့အလောင်းကိုတော့မတွေ့လိုက်ဘူးလို့ထင်တယ်။ အဲဒါ ဘာလို့လဲ သိလား?

၆၃၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၁ – သူတော်စင် မုဟန်ရှန်း

ယန်ယဲ့ ၏နှလုံးသားက ချက်ချင်းပင် လေးလံသွားကာ မျက်လုံးများပင် သိသိသာကျဉ်းမြောင်းလာခဲ့သည်။

ချန်းဟွာဂူ က ဆက်ပြောပြနေ၏။
“ဘာလို့လဲဆိုတော့ ငါ့ပန်းနန်းတော်ရဲ့
တည်ထောင်သူဘိုးဘေးက မသေသေးဘူး။
နားလည်ပြီလား?"

ချန်းဟွာဂူ ပြောလိုက်သည့်
နောက်ဆုံးပိတ်စကားကြောင့် ယန်ယွဲ့
၏အမူအရာ က
လုံးဝကိုပြောင်းသွားပါတော့သည်။

ပန်းနန်းတော် ၏တည်ထောင်သူဘိုးဘေး ။

၎င်းသည် လွန်ခဲ့သော နှစ်ပေါင်း (၁၀,၀၀၀)ကျော်က ပန်းနန်းတော် ကို တည်ထောင်ခဲ့သည့် သူတော်စင်တစ်ပါး ဖြစ်သည်။

မှန်သည်။ သူတော်စင်များက လက်ရှိ ဆန်းကြယ်တိုက်ကြီးတွင် ဒဏ္ဍာရီများ ဖြစ်ခဲ့သော်ငြား ရှေးဟောင်းခေတ်ဦး၌ အနည်းငယ် ရှိခဲ့သည်။

ပန်းနန်းတော် ၏တည်ထောင်သူဘိုးဘေးက
မသေဆုံးဟု ဆိုသော်လည်း ဤတိုက်ကြီးတွင်
အသက်ရှင်နေဆဲမဟုတ်ပေ။

သို့သော်လည်း ဤစကားကို ကြားပြီးနောက်
ရှောင်တန်းဂျီ နှင့် ကျန်လူများ
၏အမူအရာများပင် ဖြစ်နိုင်ချေကို
စဉ်းစားမိကာ တုန်လှုပ်သွားကြသည်။

"ပန်းနန်းတော်ရဲ့တည်ထောင်သူ ဘိုးဘေးက
ဒီမှာပဲ ရှိနေခဲ့မယ်ဆိုရင် ဒီလောက်

အတိုင်းအတာအထိ ငြိမ်သက်နေမှာ မဟုတ်ဘူး!" ထိုအချိန်တွင် တင်းရှောက်ယောင်၏အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

ချန်းဟွာဂူ က ရုတ်တရက် ရယ်မောလိုက်ပြီး "အဲဒီနေ့တုန်းက ဆေဘာဓားဂိုဏ်းကတောင် သူတို့ရဲ့တည်ထောင်သူဘိုးဘေး ကို ဆင့်ခေါ် နိုင်သေးတာပဲလေ။ ငါ့ရဲ့ပုန်းနန်းတော်က ဘာလို့ အဲဒီလို မလုပ်နိုင်ရတာလဲ။

ယန်ယွဲ့! နင်က ငါ့ပန်းနန်းတော်ကို ဖျက်ဆီးပစ်လိုက်ပြီဆိုမှတော့ ငါ ဒီနေ့

နင့်ရဲ့အသက်ကို ပြန်ပေးဆပ်ခိုင်းမယ်။"
ထိုစကားပြောပြီးသည်နှင့် ချန်းဟွာဂူ က
သေွးကန်ကြီးထဲ သို့ ခုန်ဆင်းသွားသည်။

“စီနီယာအစ်မ…” ရှောင်တန်းဂျီ နှင့်
အခြားသူများ ၏မျက်နှာပေါ် ရှိ
အမူအရာများက မကြုံစဖူး
လေးနက်နေချိန်တွင် ချန်းဟွိုင် နှင့် ချန်းနန်စီ
တို့နှစ်ဦးလုံး အော်ဟစ်လိုက်ကြသည်။

"ဟားဟား! ယန်ယွဲ့! ဒီတစ်ခါ နင့်ကို ဘယ်သူကယ်တင်နိုင်မလဲဆိုတာ ငါကြည့်ပါရစေ။ ဘယ်သူက နင့်ကို ကယ်တင်နိုင်မလဲဆိုတာ ကြည့်ရအောင်။

"ငါ့ရဲ့သွေးနဲ့အသက်ဝိညာဉ်ကို စတေးပြီး တည်ထောင်သူဘိုးဘေး ရဲ့ဝိညာဉ်ကိုဆင့်ခေါ်ပါတယ်။ တည်ထောင်သူဘိုးဘေး ဆင်းသက်လာပါ!"

ချန်းဟွာဂူ ၏အသံ လေထဲတွင်
ပြန့်နှံ့သွားပြီးနောက် သွေးကန်အတွင်းမှ
ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။
လူတိုင်း အံ့ဩထိတ်လန့်နေချိန်တွင် ချန်းဟွာဂူ
၏ခန္ဓာကိုယ်က
ပေါက်ကွဲသွားသည်ကိုမြင်လိုက်ရသည်။

တစ်ချိန်တည်းမှာပင် သွေးကန်ကြီး ထဲရှိ
သွေးများချက်ချင်းပင် ပွက်ပွက်ဆူလာပြီး
အနီရောင်သွေးလှိုင်းလုံးများ
တဝုန်းဝုန်းထလာလေသည်။

ဂျိန်း....

ထို့နောက်တွင် သွေးလှိုင်းလုံးများ စုစည်းကာ ရောမသွေးတိုင်လုံးကြီး ကောင်းကင်ထက်သို့ ထိုးတက်သွား၏။

ဤအခိုက်တွင် ကမ္ဘာလောကတစ်ခုလုံး သွေးကမ္ဘာကြီးအဖြစ် ပြောင်းလဲသွားသကဲ့သို့ပင်။

ရှောင်တန်းဂျီ အပါအဝင် သိုင်းကျောင်း (၆)ဦးလုံး အန္တရာယ်အငွေ့အသက်ကို ချက်ချင်းခံစားလိုက်ရပြီး ၎င်းတို့မျက်နှာထက်ရှိ အမူအရာများက နောက်တစ်ကြိမ် ပြောင်းလဲသွားခဲ့သည်။

"ယန်ယဲ့! ထွက်သွားတော့။ ငါတို့ကိုနောက်မှာထားခဲ့။" တင်းရှောက်ယောင်က ရုတ်တရက် အော်ပြောလိုက်သည်။

“နောက်ကျသွားပြီ….” ချန်းဟွိုင် က အသံတိုးတိုးနှင့်ပြောလိုက်၏။

အုန်း!

နောက်တစ်ကြိမ် ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာကာ မိုးကုတ်စက်ဝိုင်းကို ဖြတ်၍ ကမ္ဘာမြေကြီးပင်လျှင် ပြင်းထန်စွာ တုန်လှုပ်သွားခဲ့သည်။

ထို့နောက်တွင် မရေမတွက်နိုင်သော ရောင်စုံလျှပ်စီးကြောင်းများနှင့်

အနီရောင်နှင့်အနက်ရောင်တစ်ဝက်ကောင်းကင်
မီးတောက်များ ကောင်းကင်အထက်တွင်
ပေါ်လာလေသည်။

ဤအခိုက်အတန့်တွင် ကောင်းကင်ထက်မှ
နတ်လှျပ်စီးများကြောင့်
နေအလင်းရောင်ပျောက်ကွယ်သွားကာ
တိုက်ကြီးတစ်ခုလုံးမှ မရေတွက်နိုင်သည့်
ကျင့်ကြံသူများ အားလုံး အကြီးအကျယ်
တုန်လှုပ်ခြောက်ခြားသွားကြသည်။

"ဒါမဖြစ်နိုင်ဘူး! ဒါဘယ်လိုဖြစ်နိုင်မှာလဲ။ လုံးဝ မဖြစ်နိုင်ဘူး! ရောင်စုံ အလင်းတန်း ၁၀ ခု အနီတစ်ဝက်အနက်တစ်ဝက် ကောင်းကင်မီးလျှံတွေ! တကယ်.....တကယ်ပဲ သူတော်စင်တစ်ပါး ကို ဝင်ခွင့်ပြုတော့မှာလား?" မိုးကုပ်စက်ဝိုင်းကို စိုက်ကြည့်ရင်း တည်ထောင်သူ ကေရာဇ်၏ အသံက အနည်းငယ် တုန်လှုပ်သွားသည်။

“တည်ထောင်သူဘိုးဘေး….” ချန်းဟွိုင် နှင့် ချန်းနန်စီ တို့နှစ်ဦးလုံး ၏မျက်လုံးများက

ပျော်ရွှင်မှုကြောင့် အရောင်တလက်လက်
တောက်ပသွားသည်။

ဤအခိုက်တွင် ယန်ယဲ့ ၏မျက်လုံးများက
ထိတ်လန့်မှုအပြည့်ဖြစ်သွားလေသည်။

"ပန်းနန်းတော်က ဒဏ္ဍာရီလာ
သူတော်စင်တစ်ပါး ကို တကယ်ပဲ
ဆင့်ခေါ် နိုင်ခဲ့တာလား?"

အကယ်၍ ၎င်းတို့သာ သူတော်စင်တစ်ပါး ကို
ဆင့်ခေါ် နိုင်ခဲ့လျှင် လက်ရှိ ယန်ယဲ့

ကိုအသာထား၊ နတ်ဆိုးနယ်မြေ၊
နတ်ဘုရားသားရဲ့နယ်မြေ နှင့်
မြင့်မြတ်သောဟန်အင်ပါယာ
၏သူတော်စင်တစ်ပိုင်းအဆင့်များ
ပူးပေါင်းထားလျှင်ပင် မခုခံနိုင်ဘဲ ချက်ချင်း
သေဆုံးသွားမည်ဖြစ်သည်။

ဤအခိုက်တွင် ထင်မှတ်မထားသည့်
အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။

ဂျိန်း....ဂျလိန်း...ဂျိန်း....

မိုးကုပ်စက်ဝိုင်းတွင်
ရောင်စုံနတ်လှျပ်စီးကြောင်း (၉)ခု ရုတ်တရက်
ပေါ်လာသည်။

နတ်လှျပ်စီးကြောင်း (၉)ခုက
ရောမနတ်လှျပ်စီးနဂါးကြီး
အဖြစ်ပြောင်းလဲသွားကာ ရောင်စုံအလင်းတန်း
၁၀ ခုနှင့် အနီတစ်ဝက်အနက်တစ်ဝက်
ကောင်းကင်မီးလျှံများကို
မှိုချရန်ပြင်လိုက်သည်။

ရှောင်တန်းဂျီ က အနည်းငယ်
တည်ငြိမ်သွားကာ ဝမ်းသာနေသည့်
အမူအရာဖြင့် "ဒီကမ္ဘာကြီးက ဒါကို
ဆန့်ကျင်နေတယ်။ ဟုတ်တယ်၊
သူတော်စင်တစ်ပါး ဒီနေရာမှာပေါ်လာရင်
ကမ္ဘာကြီးကို ခြိမ်းခြောက်လာမှာ
သေချာပါတယ်။ ဒါပေမဲ့ ပန်းနန်းတော်က
အစစ်အမှန် သူတော်စင်တစ်ပါး ကို
တကယ်ခေါ် နိုင်လိမ့်မယ်လို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားခဲ့ဘူး…"

ဝုန်း! ဂျိန်း!

မိုးကုပ်စက်ဝိုင်းတစ်လျှောက်
နတ်လျှပ်စီးနဂါးကြီးများ ပေါ်လာပြီး
ကောင်းကင်နတ်မီးလျှံများ နှင့်
ရောင်စုံအလင်းတန်း ၁၀ ခုနှင့်
တိုက်ခိုက်နေကာ ပြင်းထန်သည့်
ပေါက်ကွဲသံများ ပဲ့တင်ထပ်နေလေသည်။

တစ်ခဏလေးအတွင်း နတ်လျှပ်စီးနဂါးများ
အပိုင်းပိုင်း ကွဲထွက်သွားကာ
မရေမတွက်နိုင်သည့်
လျှပ်စီးကြောင်းများအဖြစ် ပြန့်ကျဲသွား၏။

ထိုအချိန်တွင် မိုးကုပ်စက်ဝိုင်းမှ နက်ပြာရောင်အလင်းတန်းတစ်ခု လျင်မြန်စွာ ဆင်းသက်လာပြီး ချန်းဟွာဂူ ၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသည်ကို လူတိုင်း ထိတ်လန့်တကြားကြည့်နေရင်း မြင်တွေ့လိုက်ကြရသည်။

ခဏအကြာတွင် ချန်းဟွာဂူ ၏မျက်လုံးများက ပွင့်လာပြီး အေးစက်စက်အလင်းတန်းတစ်ခု လင်းလက်တောက်ပလာသည်။

ထို့အပြင် ပတ်ဝန်းကျင်ရှိ အာကာသဟင်းလင်းပြင် က ချက်ချင်းပင် အမှုန်အမွှားများအဖြစ် ကြေမွသွားခဲ့သည်။

“ငါ့ပန်းနန်းတော်ကို ဘယ်သူဖျက်ဆီးဝံ့တာလဲ …” ချန်းဟွာဂူ ထံမှ ခံစားချက်မဲ့သော အသံတစ်ခု ထွက်ပေါ်လာပြီး ယန်ယဲ့ အပါအဝင် လူတိုင်း ၏ခန္ဓာကိုယ်များ အေးခဲတောင့်တင်းသွားကြသည်။

"ပန်းနန်းတော် ရဲ့တည်ထောင်သူဘိုးဘေး! သူတော်စင် မုဟာန်ရှန်း?" ယန်ယဲ့ သည် စိတ်ထဲကနေ တိုးညှင်းစွာ ရေရွတ်လိုက်ရင်း နှလုံးသားတစ်ခုလုံး ပြင်းထန်စွာ တုန်လှုပ်သွားပါတော့သည်။

၆၃၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၂ –

သူတော်စင်တွေကိုဝင်ခွင့်မပေးတာ လား?

ယန်ယဲ့ အပါအဝင် လူတိုင်း
ကန့်သတ်ချက်စည်းတံဆိပ်ကျိုးပျက်သွားသည်
ကို မြင်တွေ့ပြီး ထိတ်လန့်သွားကြသည်။

ထိုအချိန်တွင် ကောင်းကင်ယံ၌ အနက်ရောင်
လှိုင်းလုံးကြီးတစ်ခု ရုတ်တရက် ပေါ်လာပြီး
လူတိုင်းအပေါ်မှ ကောင်းကင်တစ်ခုလုံး
ဖုံးလွှမ်းသွား၏။

ထို့နောက်တွင် အက်ကြောင်းကြီးထဲကနေ ရောမအနက်ရောင်လက်ချောင်းကြီး ဖြည်းညှင်းစွာ ထွက်ပေါ်လာပြီး 'ချန်းဟွာဂူ' ဆီသို့ ဆင်းလာသည်ကို အားလုံးက အံ့အားသင့်စွာဖြင့် မြင်တွေ့လိုက်ကြရသည်။

ဤမြင်ကွင်းကို ကြည့်နေရင်း ယန်ယဲ့၏မျက်လုံးများက အလွန်ကျဉ်းမြောင်းလာခဲ့သည်။

ထို ရောမအနက်ရောင်လက်ချောင်းကြီးက တာအိုသခင်ဇွိ ကောင်းကင်လမ်း ကို ဖြတ်ကျော်ရန်ကြိုးစားသည့်အချိန်က ဆင်းသက်လာသည့် တာအိုတိုက်ခိုက်မှုပင်။

"ကောင်းကင်လမ်း ကို ထိန်းချုပ်နေတဲ့လူက ပန်းနန်းတော် ရဲ့တည်ထောင်သူဘိုးဘေး ကို ဝင်ခွင့်မပြုဘူးလား?"

"ဟမ်!" ချန်းဟွာဂူ က သူမ၏လက်ကို ဝှေ့ယမ်းရင်း အေးစက်စွာ အော်ဟစ်လိုက်သည်။

သူမ၏လက်ကနေ ပန်းပွင့်များ ထွက်ပေါ်လာပြီး လေထဲ၌ ရောမပန်းပွင့်နိုင်လုံးကြီးအဖြစ်စုစည်းကာ ရောမအနက်ရောင်လက်ချောင်းကြီးနှင့် တိုက်မိသွားသည်။

အုန်း!

အနက်ရောင်လက်ချောင်းကြီးက
အစိတ်စိတ်အမွှာမွှာကွဲထွက်သွားကာ
အက်ကြောင်းထဲမှ ထွက်မလာတော့ချေ။

"ဘယ်လောက်ရဲတင်းလိုက်သလဲ!"
ဆန်းကြယ်တိုက်ကြီး ၏အထက်ကောင်းကင်၌
ဒေါသတကြီးအသံပဲ့တင်ထပ်လာသည်။

ထိုအသံလှိုင်းက ယန်ယဲ့အပါအဝင် လူတိုင်း
စိတ်ဝိညာဉ်ကိုပင် ထိန်းချုပ်မရလောက်အောင်

ထူးဆန်းသည့် စွမ်းအင်ကို
သယ်ဆောင်လာသည်။

ယန်ယဲ့ ၏အမူအရာသည်လည်း
အနည်းငယ်ပြောင်းလဲသွားကာ အဆင့် ၉
ဓားစိတ်ဆန္ဒ နှင့် ဓားနယ်မြေ ကို ထုတ်ဖော်၍
အလျင်အမြန် ကာကွယ်လိုက်ရသည်။

ထိုအသံ ပဲ့တင်ထပ်သည်နှင့် တစ်ပြိုင်နက်
အာကာသဟင်းလင်းပြင်ထဲကနေ

ရောမလက်ဝါးကြီးတစ်ဖက် ထွက်ပေါ်လာပြီး 'ချန်းဟွာဂူ' ဆီသို့ လျင်မြန်စွာ ကျဆင်းသွား၏။

ချန်းဟွာဂူ က ညာလက်ဝါးကို လျင်မြန်စွာ လှန်ချလိုက်ရင်း အာကာသဟင်းလင်းပြင် ကို အေးခဲသွားစေသည်။

သို့သော် ဤအခိုက်တွင် ကမ္ဘာ့တာအိုစွမ်းအင်များက ရုတ်တရက် ပေါက်ကွဲထွက်လာပြီး ချန်းဟွာဂူ ဆီသို့တိုက်ရိုက်ရာရာက်ရှိလာသည်။

အုန်း!

မိုးချိန်းသံကဲ့သို့ မြည်ဟည်းသံများ
ထွက်ပေါ်လာပြီး တောင်ပိုင်းနယ်တစ်ခုလုံးမှ
ကျင့်ကြံသူအားလုံး ထိုအသံကို
ကြားလိုက်ရသဖြင့် အံ့သြထိတ်လန့်သွားကာ
ပန်းနန်းတော်ဆီသို့
စူးစူးစိုက်စိုက်ကြည့်လိုက်ကြသည်။

အဲဒီမှာအတိအကျ ဘာတွေဖြစ်ခဲ့တာလဲ?

ပန်းနန်းတော်အထက် ကောင်းကင်ယံတွင်
မီးတောင်တစ်ခု ပေါက်ကွဲသွားသည့်အလား
မရေမတွက်နိုင်သော စွမ်းအင်များ
ဖြာထွက်ကာ သတ်ဝန်းကျင်ဆီသို့
ပြန့်နှံ့နေသည်။

"သူတော်စင်တွေကို ဆန်းကြယ်တိုက်ကြီးမှာ
ထွက်ပေါ်လာခွင့်မပြုဖို့ တားမြစ်ထားတယ်။
မင်းထွက်သွားဖို့ ငြင်းနေသေးရင် ဒီနေ့
မင်းသေရမယ့်နေ့ပဲ" အာကာသဟင်းလင်းပြင်

တစ်နေရာမှ အသံတစ်သံ
ထပ်မံထွက်ပေါ်လာသည်။

"နှစ်နာရီ! နှစ်နာရီအတွင်း
ငါထွက်သွားမယ်!"ချန်းဟွာဂူ
၏အေးစက်သောအသံ ထွက်ပေါ်လာသည်။

ခဏတာတိတ်ဆိတ်သွားပြီးနောက်
အာကာသဟင်းလင်းပြင်ရှိ အက်ကြောင်းက
ရုတ်တရက် ပျောက်ကွယ်သွားသည်။

ယန်ယဲ့ နှင့် အခြားသူများလည်း ဤမြင်ကွင်းကို မြင်လိုက်သောအခါ နှလုံးသားများ နစ်မြုပ်သွားသကဲ့သို့ခံစားလိုက်ရသည်။

ဤအခိုက်တွင် ၎င်းတို့အားလုံး က ချန်းဟွာဂူ ၏ခွန်အားကို ရှင်းလင်းစွာ မြင်တွေ့ခဲ့သည်မဟုတ်သလော။

အနည်းဆုံး သူမက သူတော်စင် မဟုတ်လျှင်ပင် သူတော်စင်တစ်ပိုင်းအဆင့် ဖြစ်နိုင်ပေသည်။

၎င်းတို့က သူမကို မည်ကဲ့သို့ ရင်ဆိုင်မည်နည်း?

"အကြီးအကဲမှူး က သူမကို တားဆီးနိုင်မှာလား?
ယန်ယဲ့ ရဲ့ဆရာက သူမကို
ရင်ဆိုင်နိုင်ပါ့မလား?"

ချန်းဟွာဂူ က အာကာသဟင်းလင်းပြင်
အက်ကြောင်းကြီး ပျောက်ကွယ်သွားသည်ကို
တစ်ချက်ကြည့်ပြီး
သူမ၏အကြည့်ကိုရုတ်လိုက်ကာ ပန်းနန်းတော်
ထဲမှ အခြေအနေကို စူးစူးရဲရဲ
လှည့်ပတ်ကြည့်နေသည်ယ
ပန်းနန်းတော်ထဲတွင် လူ ၂၀၀ အောက်သာ
ကျန်ရှိတော့သည်ကို သတိပြုမိသောအခါ

ချန်းဟွာဂူ ၏အကြည့်များက ပို၍ အေးခဲလာသည်။

ချန်းနန်စီ မြေပြင်ပေါ်တွင် ဒူးထောက်လိုက်ပြီး "ပန်းနန်းတော် ရဲ့သစ္စာဖောက်တပည့် ချန်းနန်စီက တည်ထောင်သူဘိုးဘေး ကို နှုတ်ဆက်ပါတယ်!"

"ငါ့ပန်းနန်းတော်က ဘာတွေလုပ်ခဲ့လို့ ဒီလို ကပ်ဘေးဆိုး ကြုံရတာလဲ!" ချန်းဟွာဂူက မျက်လုံးများကို ခဏကြာမှိတ်ထားပြီး နောက်တစ်ကြိမ်ပြန်ဖွင့်လိုက်သည့်အခါ

သူမ၏အကြည့်များက ယန်ယဲ့ ဆီသို့ ကျဆင်းသွားသည်။ "ဒါဆို နင့်ကြောင့်ပဲ!"

ရှောင်တန်းဂျီ နှင့် အခြားသူများ၏ အမူအရာက ချက်ချင်းပင် သတိအပြည့် ဖြစ်လာသည်။

ယန်ယဲ့ က အသက်ပြင်းပြင်းရှူပြီး “တကယ်ပဲ။ မင်းမှန်တယ်။ ငါက ပန်းနန်းတော်ကို ဖျက်စီးချင်တဲ့သူပဲ” ဟုပြောလိုက်သည်။

ချန်းဟွာဂူ က "နင့်ရဲ့အမေ ကို
သေဒဏ်ပေးလိုက်တာ ချန်းဟွာဂူပဲလေ။
ဒါကြောင့် သူ့ကိုသတ်ရင်လုံလောက်လိမ့်မယ်။
ဒါပေမဲ့ နင်က ငါ့ပန်းနန်းတော်ရဲ့
တပည့်အားလုံးကို သတ်ပစ်လိုက်တယ်။ ဒီလို
လုပ်ရပ်တွေနဲ့ အတိတ်က
နတ်ဆိုးတာအိုကျင့်ကြံသူတွေကြားမှာ
ခြားနားမှု ရှိသလား?"

ယန်ယဲ့က ပုခုံးတွန့်ပြပြီး "မင်းမှားနေပြီ။
မင်းရဲ့ပန်းနန်းတော်က တပည့်တွေကို
သတ်ခဲ့တာ ငါမဟုတ်ဘူး၊
မင်းရဲ့တပည့်ကောင်းသုံးယောက်ပဲလေ။

သူတို့က ပန်းနန်းတော်ရဲ့ တပည့်တွေအားလုံးရဲ့ အသက်နဲ့ ပေးဆပ်ခိုင်းခဲ့တာ။

သူတို့ သုံးယောက် မရှိရင်တောင် သတ်ပစ်မယ် ဆိုပေမယ့် ပန်းနန်းတော် ရဲ့တပည့်တွေကို သတ်ခဲ့တာ အမှန်ပဲ။ ဒါကြောင့် ကလဲ့စားချေဖို့ကြံရင် မင်းရဲ့တပည့်သုံးယောက်စလုံးကို လက်စားချေသင့်တယ်”

"နင့်ကို ဘာလို့ မသတ်သေးတာလဲ သိလား" ချန်းဟွာဂူ က စကားဖြတ်ပြောလိုက်သည်။

ယန်ယဲ့ ဧါန္ဒလုံးသားက
ပြင်းထန်စွာတုန်ခါသွားသည် ။
"ဒီမိန်းမ မုဟန်ရှန်းက အစကတည်းက
ငါ့ကိုသတ်ချင်နေတာပဲ။"

ချန်းဟွာဂူ က ဆက်ပြောသည်။ "နင်က
ဓားစိတ်ဆန္ဒ၊ ညာဏ်အလင်းရဓားနှလုံးသား နဲ့
ပြီးပြည့်စုံတဲ့ ဓားနယ်မြေ ကို
အသက်ငယ်ငယ်နဲ့ နားလည်ထားနိုင်တယ်။

လွန်ခဲ့တဲ့ နှစ်တစ်သောင်းမှာဆိုရင်တောင် နင့်ရဲ့ ပင်ကိုယ်စွမ်းရည်က ရှားပါးနေလိမ့်မယ်။

နင် အင်အားကြီးလာတာနဲ့ ငါ့လူသားမျိုးနွယ်ရဲ့အထွတ်အမြတ်ပညာရှင် ဖြစ်လာမှာ သေချာတယ်။ အခုတော့ ကံဆိုးစွာပဲ၊ နင့်ရဲ့လုပ်ရပ်တွေက ငါ နင့်ကိုသတ်ဖို့ တွန်းအားပေးခဲ့တယ်၊ မဟုတ်ရင် ငါ့ပန်းနန်းတော်ရဲ့တပည့်တွေက ဘာအတွက်နဲ့မှ မသေသင့်ဘူးမဟုတ်လား"

စကားဆုံးသည်နှင့် ချန်းဟွာဂူ က တိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော် ရုတ်တရက် ယန်ယဲ့ ရှေ့တွင်
ကလေးမလေးတစ်ယောက် ပေါ်လာသည်။

၆၃၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၃ – နင်က အပြင်လူ

ယန်ယဲ့ ဟာ ခဏတာ အံ့အားသင့်သွားပြီး၊
ထို့နောက် သူမကို အလျင်အမြန် ပြန်ဆွဲကာ

ဒေါသတကြီးဖြင့် "မင်းဒီမှာ ဘာလုပ်နေတာလဲ" ဟု အော်ငေါက်လိုက်သည်။

ကလေးမလေးက အဆင့် ၉ သိုင်းကျောရာဇ် များကိုပင် အနိုင်မယူနိုင်သေးသည်ဖြစ်ရာ အနည်းဆုံး သူတော်စင်တစ်ပိုင်းအဆင့်တွင်ရှိနေသည့် မုဟာန်ရှန်း ကို မည်ကဲ့သို့ ရင်ဆိုင်နိုင်ပါမည်နည်း။

"ဒါ သူမက ဒီကို ထွက်လာပြီး သေခြင်းတရားကို ရှာနေတာ မဟုတ်လား?"

သို့သော် ဤအခိုက်တွင် ယန်ယဲ့
၏အကြည့်များက ကလေးမလေး
ထွက်ပေါ်လာပြီးနောက် မုဟန်ရှန်း
ထိတ်လန့်သွားသည်ကို သတိပြုမိလိုက်သည်။

တည်ထောင်သူကေရာဇ်၊ သားရဲကေရာဇ် ၊
ရှောင်တန်းဂျီ နှင့် အခြားသူများ ပင်လျှင်
၎င်းတို့ရှေ့မှ ရုတ်တရက် မြင်ကွင်းကြောင့်
အံ့သြသွားကြသည်။

တည်ထောင်သူကြောင် နှင့် သားရဲကြောင်
နှစ်ဦးစလုံး ယန်ယဲ့ ကို လေးလေးနက်နက်နှင့်
စိုက်ကြည့်နေကြသည်။

ဤအခိုက်တွင် ယန်ယဲ့ က ပို၍ပင်
လျှို့ဝှက်ဆန်းကြယ်လာသည်ကို ၎င်းတို့
သတိပြုမိလိုက်သောကြောင့်ပင်။

ကလေးမလေးက ယန်ယဲ့ ကို
တစ်ချက်ကြည့်လိုက်ပြီး "ဒီအမျိုးသမီးက
နင့်ရဲ့ဆရာကို ပိတ်လှောင်လိုက်ပြီလေ။

ဒီတိုက်ကြီးမှာ ဘယ်သူကမှ၊ မဟုတ်ဘူး။
ဒီတိုက်ကြီး ရဲ့တာအိုကတောင် ဒီမိန်းမကို
ဘာမှလုပ်လို့မရဘူး။ နားလည်လား?"
ယန်ယဲ့ လည်း ချက်ချင်း အံ့သြသွားသည်။ '
အစပိုင်းတွင် မုဟာန်ရှန်း ကို
သူတော်စင်တစ်ပိုင်းအဆင့် ဟု ထင်ထားခဲ့၏။
သို့သော် သူမက အကြီးအကဲမူ ကို
အမှန်တကယ် ပိတ်လှောင်နိုင်လိမ့်မည်ဟု
မမျှော်လင့်ခဲ့ပေ။

"အကြီးအကဲမှ တောင် သူမကို
မယုံနိုင်ဘူးလား? ဒီလိုဆို ဒီတိုက်ကြီးမှာ
ဘယ်သူက သူမကို ခုခံနိုင်မှာလဲ?"

ခဏအကြာတွင် ယန်ယဲ့ က အကူအညီမဲ့စွာ
ရယ်မောပြီး ခေါင်းယမ်းလိုက်သည်။
“မင်းကိုယ်မင်း ပြခဲ့တာ အံ့သြစရာ မဟုတ်ဘူး။
ဘာကြောင့်လဲ ဆိုတော့ ငါတို့နှစ်ယောက်လုံး
သေခြင်းတရားက ဘယ်လိုမှ
လွတ်မြောက်နိုင်မှာ မဟုတ်ဘူး။
ဟုတ်တယ်မလား?" ဤအချိန်တွင် ယန်ယဲ့ က

သူ့ကိုယ်သူ ပိုပြီးသန်မာလာရန်
အစွမ်းကုန်ကြိုးစားခဲ့သည်ဟု ခံစားမိခဲ့သည်။

သို့သော် သူ၏ရန်သူများ ဆင့်ခေါ်လာသည့်
အကူအညီများက အဆက်မပြတ်
အစွမ်းထက်နေသဖြင့်
အကူအညီမဲ့သွားခြင်းပါ။

ရုတ်တရက် သူ့စိတ်ထဲ၌ မူလစေတီထဲမှ
အဘိုးအို ကို အပြင်သို့ ခေါ်ဆောင်နိုင်ခဲ့လျှင်

ပန်းနန်းတော် ၏တည်ထောင်သူဘိုးဘေး နှင့်
ရင်ဆိုင်နိုင်မည်ဟုယုံကြည်မိသည်။
တစ်ခုတည်းသော ပြဿနာက သူ့အနေဖြင့်
အဘိုးအို ကို အပြင်သို့ ဆင့်ခေါ် နိုင်ခြင်းမရှိပေ။

ကောင်းကင်က ငါ့ကို တကယ်သတ်ဖို့
ကြံနေတာလား။
သူ ပိုသန်မာလာဖို့
အဆက်မပြတ်ကြိုးစားနေခဲ့သည့်တိုင်
အားနည်းနေသေးသဖြင့် အခုချိန်တွင်တော့

အလွန်ပင်ပန်းနွမ်းနယ်နေသလိုပင်
ခံစားနေရပါသည်။

“အရမ်းစိတ်ညစ်မနေပါနဲ့။ ငါသူမကို
ရင်ဆိုင်နိုင်တယ်!" ထိုအချိန်တွင်
ကလေးမလေးက ရုတ်တရက်ပြောလာသည်။
ယန်ယဲ့ ၏မျက်လုံးများက တောက်ပလာပြီး
နောက်မှေးမှိန်သွားပြန်သည်။

နောက်ဆုံးတွင် ဤကလေးမလေးက အဆင့် ၉ သိုင်းကျောင်း သုံးယောက်ကိုပင် မယှဉ်နိုင်ခဲ့ပေ။

ယခုအချိန်တွင် အဆင့် ၉ သိုင်းကျောင်း သုံးယောက် ထက် အဆပေါင်းများစွာ သန်မာသည့် မုဟာန်ရှန်း ကို မည်သို့ ကိုင်တွယ်နိုင်မည်နည်း။

"နင်က အပြင်လူပဲ!" ထိုအချိန်တွင် ချန်းဟွာဂူ (မုဟာန်ရှန်း) က ကလေးမလေး အား ရုတ်တရက် စူးစိုက်ကြည့်ကာ သူမ၏

အသံတွင် လေးနက်တည်ကြည်မှုများ ရှိနေလေသည်။

ကလေးမလေးက ချန်းဟွာဂူ ကို ပြန်၍ စူးစိုက်ကြည့်ကာ သူမ၏လက်ထဲမှ တော်ဝင်ကျောက်စိမ်းဖြစ်တဲ့ ဗောရာဇ်လုံကနေ အပြာရောင်အလင်းတန်းများ တလက်လက်တောက်ပလာသည်။

"အမျိုးသမီး! နင်ဘယ်မှာနေလဲ ဘယ်သူက ကျောထောက်နောက်ခံရှိရှိ ကိစ္စမရှိဘူး။

တကယ်လို့ နင်သူ့ကိုသတ်ရင်

သေမှာသေချာတယ်”

"နင် ငါ့ကို ခြိမ်းခြောက်နေတာလား" ချန်းဟွာဂူ

၏အသံ က တဖြည်းဖြည်းနှင့်

အေးစက်လာသည်။

ကလေးမလေးက အေးစက်စက် အော်ဟစ်ကာ

လက်ဝါးကိုလှန်လိုက်၏။

သူမ၏လက်ဝါးသေးသေးလေးပေါ်တွင်

အနီရောင်ချည်မျှင်များ ဖြည်းညှင်းစွာ

ပေါ်လာလေသည်။

ကလေးမလေးက လက်ဝါးကို ဆတ်ခနဲ
လှန်လိုက်ရာ အနီရောင်ချည်မျှင်များက
လေထဲသို့ ပျံတက်သွားပြီး
အနီရောင်ကြိုးတစ်ချောင်းအဖြစ်ပြောင်းလဲ
သွား၏။

ရုတ်တရက် အနီရောင်ကြိုး ၏ တစ်ဝက်က
ချန်းဟွာဂူ ဆီသို့ ရောက်သွားပြီး
ကျန်တစ်ဝက်ဟာ ယန်ယဲ့ ဆီသို့
ဖုံးလွှမ်းသွားခဲ့သည်။

ယန်ယဲ့ က မည်သည့်အပြောင်းအလဲမှ မရှိပေ။

သို့သော် တစ်ဖက်တွင် ချန်းဟွာဂူက
အနီရောင်ကြိုးမျှင်လေးများ
သူမ၏ခန္ဓာကိုယ်ထဲသို့ ဝင်လာသောအခါ
ရုတ်တရက် မျက်နှာပျက်သွားလေသည်။

ချန်းဟွာဂူက သူမ၏လက်ကို ဝှေ့ယမ်းလိုက်ရာ
စွမ်းအင်ဖြင့် ဖန်တီးထားသည့်
ပန်းပွင့်ချပ်များစွာဖြစ်ပေါ်လာပြီး
အနီရောင်ကြိုးဆီသို့ ပျံသန်းသွားကြသည်။

သို့သော်

အနီရောင်ကြိုးမျှင်ကနေဖြာထွက်လာသည့် ကြိုးမျှင်များနှင့် တိုက်မိပြီး ပန်းပွင့်ချပ်များက ချက်ချင်းပင် နောက်ပြန်လွင့်ထွက်လာသည်။

ချန်းဟွာဂူ ၏အမူအရာက သိသိသာသာ ပြောင်းလဲသွားပါတော့သည်။

သူမ၏ခန္ဓာကိုယ်မှ ပြင်းထန်သောအရှိန်အဝါများထွက်ပေါ်လာချိန်တွင် အနီရောင်ကြိုးမျှင်များက ချန်းဟွာဂူ ခန္ဓာကိုယ်ထဲသို့ တိုက်ရိုက် ဝင်ရောက်သွားခဲ့လေသည်။

ချန်းဟွာဂူ က အံ့အားသင့်သွားပြီး
ဒေါသတကြီးအော်ဟစ်လိုက်သည်။
"အဲ့ဒါတွေက ဘာတွေလဲ။ နင်ငါ့ကို
ဘာလုပ်လိုက်တာလဲ"

ယန်ယဲ့ လည်း ချန်းဟွာဂူ ၏အမူအရာကြောင့်
သိလိုစိတ်ဖြင့် ကလေးမလေးကို
စိုက်ကြည့်နေသည်။

ကလေးမလေးက

အေးစက်စွာပြောလိုက်သည်။ “ဒါတွေကို

'ကြိုးနီ' လို့ခေါ်တယ်။ စီနီယာ ယွဲ့ လို့ ခေါ်တဲ့

လူအိုကြီး ဆီက ငါခိုးယူလာတဲ့ ရတနာတစ်ခုပဲ။

တူညီတဲ့ကြိုးနှစ်ချောင်းက

အမျိုးသားတစ်ဦးနဲ့အမျိုးသမီးတစ်ဦးကြားမှာ

ချည်နှောင်ထားသရွေ့ သူတို့က သေတဲ့အထိ

ချစ်သွားလိမ့်မယ်။

နင်တို့နှစ်ယောက် ချစ်မိသွားအောင်လို့

ငါ့မှာရှိတဲ့ အနီရောင်ကြိုးတွေ

အကုန်သုံးလိုက်တယ်။ အခုချိန်မှာ နင်တို့

နှစ်ယောက်စလုံးက

တစ်ယောက်နဲ့တစ်ယောက်

တကယ်ချစ်နေသင့်ပြီ။ ဒီနည်းနဲ့ဆိုရင် နင်က

ယန်ယဲ့ ကို မသတ်နိုင်တာ သေချာပါတယ်။"

ဤအခိုက်တွင် ယန်ယဲ့ က ကလေးမလေး

၏ဆိုလိုရင်းကို နားလည်သွားသည်။

သူမက မြင့်မြတ်သောဟန်အင်ပါယာ ၏

အဆင့် ၉ သိုင်းကျောရာ၏ သုံးဦးကို

ရင်မဆိုင်နိုင်သည့်တိုင် ပန်းနန်းတော်

၏တည်ထောင်သူဘိုးဘေး ကို

ကောင်းစွာကိုင်တွယ်နိုင်သည်မဟုတ်ပါလား။

"ဘယ်လိုတောင် မိုက်မဲတာပဲ!" ချန်းဟွာဂူ က ဒေါသထွက်သွားသည်။

သူမ၏ညာလက်ကို ဝှေ့ယမ်းပြီး ပန်းပွင့်ချပ်တစ်ခုကို ယန်ယွဲ့ ၏နဖူး ဆီသို့ ချက်ချင်း ပစ်လွှတ်လိုက်သည်။

ရှောင်တန်းဂျီ နှင့် အခြားသူများလည်း ထိတ်လန့်သွားကာ ယန်ယွဲ့ ကို ကာကွယ်ရန် ပြင်လိုက်ကြသည်။

သို့သော် မမြင်နိုင်သော စွမ်းအားတစ်ခုက ၎င်းတို့အား နေရာတွင်ပင်

အတင်းအကြပ်ချုပ်နှောင်ထားသဖြင့် လုံးဝ
လှုပ်ရှားနိုင်စွမ်းမရှိခဲ့ပေ။

တင်းရှောက်ယောင် က နာကျင်စွာဖြင့်
မျက်လုံးမှိတ်ထားရင်း ကလေးမလေး၏
မျက်ခွံများပင် လှုပ်ယမ်းသွားသည်။

အမှန်စင်စစ် သူမလည်း
ဤမျှော်လင့်ချက်မဲ့သည့် အခြေအနေတွင်
ရလိုရငြား နောက်ဆုံးနည်းလမ်းကို
အသုံးပြုလိုက်ခြင်းပါ။

ဤအခိုက်တွင် ပန်းပွင့်ချပ်က ယန်ယဲ့
၏နဖူးနှင့်လက်မခန့်အကွာ၌ ရုတ်တရက်
ရပ်တန့်သွားသည်။

ကလေးမလေးက ဤမြင်ကွင်းကို
မြင်သောအခါ သက်ပြင်းချ၍ ကိုယ့်ကိုယ်ကို
ပြောလေသည်။

"အဲဒီလူအိုကြီးက ငါ့ကို မလိမ်ဘူးပဲ။
ယောက်ျားနဲ့ မိန်းမ တစ်ယောက်ကို
တစ်ယောက် ပြိုလဲအောင် လုပ်နိုင်တယ်။
ဟင်း! လူအိုကြီးက ငါ့ကို
ဒီလိုပျော်စရာအကြောင်းတောင် မပြောခဲ့ဘူး။

ငါပြန်လာပြီးရင် သူ့မှတ်ဆိတ်မွေးကို သေချာပေါက် ဆွဲနှုတ်ပစ်မယ်။"

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ…." ချန်းဟွာဂူ က တစ်စုံတစ်ခု မှားနေသည်ကို သတိပြုမိသွားကာ အော်ဟစ်လိုက်၏။

ယန်ယဲ့ ကို တိုက်ခိုက်လိုက်သောအခါ နတ်ဘုံကမ္ဘာရှိ သူမ၏မူလခန္ဓာကိုယ်ပင်လျှင် နှလုံးသားတစ်ခုလုံးနာကျင်သည့် ဝေဒနာကို ခံစားခဲ့ရသည်။

ထိုနာကျင်မှုက သူမနှင့် အလွန်ရင်းနှီးသည့်
ဆွေမျိုးတစ်ဦးသေဆုံးသွားသကဲ့သို့ပင်
သူမ၏ခန္ဓာကိုယ်တစ်ခုလုံး
တင်းကြပ်နေသည်ထိ ခံစားလိုက်ရလေသည်။

ထို့အပြင်၊ သူမ၏ မူလခန္ဓာကိုယ်က
သူမရှေ့မှလူငယ် သေဆုံးသွားလျှင် ဆက်၍
အသက်ရှင်ရန် ဆန္ဒမရှိဟုပင် ခံစားနေရသည်။

၆၃၄

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၄ – နင်သေလို့မရဘူး

"ဒါက လုံးဝမဖြစ်နိုင်ဘူး!" ချန်းဟွာဂူ ၏ မျက်နှာက သိသိသာသာ ပျက်ယွင်းနေပါသည်။

သူမက ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ပုရွက်ဆိတ်တစ်ကောင်ကို မည်သို့ ချစ်မိနိုင်ပါမည်နည်း။

"အဲဒါ ဘယ်လိုဖြစ်နိုင်မလဲ။ လုံးဝမဖြစ်နိုင်ဘူး!"

သူမ၏ရင်ထဲက ဒေါသကြောင့် ယန်ယဲ့ ကို ဆက်၍ တိုက်ခိုက်ရန် ပြင်လိုက်စဉ် ချန်းဟွာဂူ ၏နဖူးပေါ် ရှိအရေပြားကချက်ချင်းပွင့်ထွက်သွားခဲ့သည်။

"မဟုတ်ဘူး!" ရုတ်တရက် ချန်းဟွာဂူ ရှူးသွပ်စွာ အော်ဟစ်လိုက်ရာ ပန်းပွင့်ချပ်က ချက်ချင်း ရပ်တန့်သွားသည်။

ဤနေရာရှိလူတိုင်း အံ့သြသွားကြသည်။

ဤအခိုက်တွင် ချန်းဟွာဂူ ၏မျက်နှာသည်
ကြောက်စရာကောင်းသော
ညှဉ်းပန်းနှိပ်စက်မှုကို ခံနိုင်ရည်ရှိသကဲ့သို့
နာကျင်မှုများ ဖုံးလွှမ်းသွားသည်။

ဤအခိုက်အတန့်တွင် သူမက
စိတ်ဝိညာဉ်ကိုပင် မထိန်းချုပ်နိုင်တော့သကဲ့သို့
အလွန် တုန်လှုပ်ခြောက်ခြားသွားမိသည်။

အဘယ်ကြောင့်ဆိုသော် သူမရှေ့တွင်
ရပ်နေသည့် လူငယ် နှင့်ပတ်သက်၍

သူမ၏နှလုံးသားက အလွန်ချစ်နေသူဟူသည့်
အဓိပ္ပါယ်မဲ့ခံစားချက်ကြောင့်ပင်။

ဤလူငယ်က သူမ၏ဘဝတွင် အချစ်ရဆုံး
လူတစ်ယောက် ဟု ခံစားနေရလေသည်။

သို့သော် ဤအရာအားလုံးက
ထိုမိန်းမငယ်လေးကြောင့် ဖြစ်နေသည်ကို
ရှင်းရှင်းလင်းလင်း သိထား၏။

မူလက ယန်ယဲ့ ကို သတ်လိုက်သည်နှင့်
အရာအားလုံး ဖြေရှင်းနိုင်ပြီဟု ယူဆခဲ့သည်။

သို့သော် ဤမိန်းမငယ်လေးက
ရုတ်တရက်ပေါ်လာပြီး သူမအား ပြင်းထန်စွာ
ဖိနှိပ်ထားသည်ကို သတိပြုမိလိုက်လေသည်။

တစ်ချိန်တည်းတွင် ယန်ယွဲ့ သေဆုံးပြီဟု
တွေးလိုက်တိုင်းပင် နတ်ဘုံကမ္ဘာရှိ မုဟာန်ရှန်း
၏မူလခန္ဓာကိုယ်သည်လည်း အလွန်အမင်း
နာကျင်မှုကို ခံစားနေရသည်။

ဤအချိန်တွင် ယန်ယဲ့
၏မျက်နှာပေါ်၌ခါးသီးသော အပြုံးတစ်ခု
ရှိနေသည်။

အဘယ်ကြောင့်ဆိုသော် ချန်းဟွာဂူ က သူ့အား
ပို၍ပို၍ နှစ်သက်သဘောကျလာပုံရ၏။

ခြင်းချက်အနေနှင့် သူ့ရှေ့တွင်ရပ်နေသူက
ချန်းဟွာဂူ မဟုတ်ဘဲ ပန်းနန်းတော်
၏တည်ထောင်သူဘိုးဘေး မုဟာန်ရှန်း သာ
ဖြစ်သည်။

" ဘာ ဒီကလေးမလေးလုပ်ခဲ့တာလဲ?"

"ကောင်းပြီ၊ တိုက်ခိုက်တာကို ရပ်ပြီး မျောက်လေးတွေ မွေးလိုက်!" ထိုအချိန်တွင် ကလေးမလေးက ရုတ်တရုတ်ပြောလာသည်။

"အားလုံးက နင့်ပြစ်ပဲ!" ထိုအချိန်တွင် ချန်းဟွာဂူ က ရုတ်တရက် ခေါင်းမော့ကာ ပြင်းထန်သော အကြည့်ဖြင့် ကလေးမလေးအား ကြည့်လိုက်သည်။

နောက်အခိုက်အတန့်တွင် စူးရှရှအလင်းတန်းနှင့် ပွင့်ချပ်တစ်ချပ်ကို ကလေးမလေးဆီသို့ ပြင်းထန်စွာ ပစ်လွှတ်လိုက်သည်။

ပန်းပွင့်ချပ်က အလွန်လျင်မြန်ပြီး
ကလေးမလေးလည်း
လုံးဝမတားဆီးနိုင်လိုက်ပေ။

ကလေးမလေး ၏မျက်နှာသည်
ဖြူဖျော့သွားကာ ပထမဆုံး အကြိမ် သူမ
မျက်လုံးထဲတွင် ထိတ်လန့်မှုများ ပေါ်လာသည်။

ထိုအခိုက်အတန့်တွင် ကလေးမလေးက
သူမရှေ့တွင် အရိပ်တစ်ခုပေါ်လာပြီး

လက်နှစ်ဖက်နှင့် သူမအား ဆွဲဖက်ထားသည်ကို သတိပြုမိသွား၏။

"မဟုတ်ဘူး!!" ကလေးမလေးက ကောင်းကင်ကို ထိုးဖောက်ဝင်ရောက်သွားနိုင်သည်ထိ ကျယ်လောင်စွာ အော်ဟစ်လိုက်ပါသည်။

အုန်း!

ပန်းပွင့်ချပ်က အလွန်လျင်မြန်သောအရှိန်ဖြင့်
ကလေးမလေးအား ကာကွယ်ပေးထားသည့်
ယန်ယဲ့ ကို ထိမှန်သွား၏။

ယန်ယဲ့ က ဓားနယ်မြေ နှင့် အဆင့် ၉
ဓားစိတ်ဆန္ဒ ကို အကန့်အသတ်ထိ မြှင့်တင်၍
တားဆီးလိုက်သည်။

သို့သော် သူ၏လက်နှစ်ဖက်လုံးနီရဲလာကာ
ရင်ဘတ်တွင်
အပေါက်သေးသေးလေးတစ်ခုပေါ်လာသည်ကို
သတိပြုမိသွားလေသည်။

ကလေးမလေးက ထိတ်လန့်သွားပြီး
သူမ၏လက်ထဲမှ တော်ဝင်ကြေရာဇ်လုံတံ ပင်
လွတ်ကျသွားပါတော့သည်။

ယန်ယဲ့ က ကလေးမလေး ကို
ပြုံးပြီးပြောလိုက်သည်။ "ငါမင်းကို တစ်နေ့
အိမ်ပြန်ခေါ်သွားပေးမယ်လို့ ကတိပေးခဲ့တယ်။
အခု ငါ့စကားကို မတည်နိုင်တော့ဘူး။"
စကားဆုံးသည်နှင့် ယန်ယဲ့ ၏ခန္ဓာကိုယ်က
မြေပြင်ပေါ်သို့ လဲကျသွားသည်။
ဤအချိန်တွင် သူ့ရင်ဘတ်ရှိ မူလက
လက်မအရွယ် ဒဏ်ရာက

လက်သီးဆုပ်အရွယ်အထိ ကျယ်လာကာ
တဖြည်းဖြည်းနှင့် ပို၍ကြီးမားလာနေသည်။

ကလေးမလေးသည် ယန်ယဲ့ ရှေ့တွင်
ဒူးထောက်ထိုင်ချလိုက်၏။
ထိုအခိုက်တွင် သူမက ယန်ယဲ့ ၏လက်ကို
တင်းကြပ်စွာ ဆုပ်ကိုင်ထားကာ
အပြာရောင်ဖျော့ဖျော့ စွမ်းအင်ကြိုးများက
ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲသို့
အဆက်မပြတ်ဝင်ရောက်လာလေသည်။

တစ်ဆက်တည်း သူမက "လူမိုက်! နင်က

အရူးပဲ။

နင်ငါ့ကိုအိမ်ပြန်ပို့ပေးမယ်လို့ပြောထားပြီး

နင်သေလို့မရဘူး။ နင်

ငါ့ကိုအိမ်ခေါ်သွားပေးမယ်လို့

ကတိပေးထားတာ။ နင်က လုံးဝ

မသေနိုင်ဘူး...။ နင့်ကိုဘာမှဖြစ်ခွင့်မပေးဘူး"

ကလေးမလေးအပြင်၊ ချန်းဟွာဂူ

၏မျက်နှာပေါ်၌ ကြည်လင်သည့်

မျက်ရည်စီးကြောင်းနှစ်ခု စီးကျလာသည်။

တစ်ချိန်တည်းပင်
သူမ၏ခေါင်းထဲ၌အဆက်မပြတ်ပြောနေသည့်
အသံတစ်ခုရှိနေလေသည်။

" သူသေသွားတာ ကောင်းပါတယ်။
သူသေပြီးတာနဲ့ နင့်ကို
ချည်နှောင်ထားမှာမဟုတ်ဘူး။ ဒါ
နင်လိုချင်တာမဟုတ်ဘူးလား။"

သို့သော် သူမ၏မျက်နှာပေါ်သို့
မျက်ရည်များမရပ်မနား စီးကျလာသည်...။

ဤအခိုက်တွင် ပတ်ဝန်းကျင်သည် လုံးဝ အေးခဲသွားပုံရ၏။

သားရဲကေရာဇ်၊ တည်ထောင်သူကေရာဇ်နှင့် အခြားသူများသည် မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်ထားလိုက်ကြသည်။

လူတိုင်းက ယန်ယွဲ့ ဆီသို့ အပြေးအလွှားသွား၍ ကယ်တင်လိုသည့်တိုင် လှုပ်ရှားနိုင်စွမ်းမရှိသဖြင့် ယန်ယွဲ့တစ်ယောက် မြေပြင်ပေါ် လဲကျသွားသည်ကိုသာ ကြည့်နေရလေသည်။

ချန်းဟွာဂူ က ရုတ်တရက် "နင် သူ့ကို မကယ်နိုင်ဘူး။ နိယာမတရားတွေရဲ့ စွမ်းအင်ကြောင့် သူ ဒဏ်ရာရသွားတဲ့အတွက် သူ့ကို ကယ်တင်ဖို့ လုံးဝမဖြစ်နိုင်ဘူး!"

ကလေးမလေးက ချန်းဟွာဂူ ကို လုံးဝဂရုမစိုက်ဘဲ အပြာရောင် ဖျော့ဖျော့စွမ်းအင်များကို ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲသို့ အဆက်မပြတ်လွှဲပြောင်းပေးလိုက်သည်။

သို့သော်လည်း ယန်ယဲ့ ၏ရင်ဘတ်မှ ဒဏ်ရာက ကောင်းလာမည့် အရိပ်အယောင်မပြဘဲ ပိုကြီး၍ ကြီးလာသောကြောင့် အချည်းနှီးပင်။

ဂျိန်း!

ဤအချိန်မှာပဲ ကောင်းကင်ထက်၌

အနက်ရောင် အက်ကြောင်းကြီး ရုတ်တရက်

ပေါ်လာသည်။

"မင်းအချိန်ကုန်ပြီ!"

အနက်ရောင်အက်ကြောင်းထဲမှ

အေးစက်နေသည့် အသံတစ်ခု

ထွက်ပေါ်လာ၏။

ချန်းဟွာဂူ က ခေါင်းကို မော့၍ မြေပြင်ပေါ်တွင်
လဲလျောင်းနေသော ယန်ယဲ့ ကို
တစ်ချက်ကြည့်ကာ ကောင်းကင်မှ
အနက်ရောင်အက်ကြောင်းကြီးကို
ပြန်ကြည့်ရင်း  မျက်လုံးများ
မှိတ်ထားလိုက်သည်။

ထို့နောက်တွင် ချန်းဟွာဂူ ၏ဦးခေါင်းထိပ်မှ
အပြာရောင်အလင်းလုံးတစ်ခု
ပျံထွက်လာပြီးနောက် သူမ၏ခန္ဓာကိုယ်က
မြေပြင်ပေါ်သို့ လဲကျသွားခဲ့သည်။

အပြာရောင်အလင်းတန်းက လေထဲသို့
ဖြည်းညှင်းစွာ လွင့်ပျံသွားသော်လည်း
ရုတ်တရက် တစ်ဝက်တစ်ပျက်
ရပ်တန့်သွားပြီးနောက် အပြာရောင်ဝတ်စုံဝတ်
အမျိုးသမီးတစ်ဦးအဖြစ်သို့
ပြောင်းလဲသွားသည်။

ထိုအမျိုးသမီးက ပန်းနန်းတော်
၏တည်ထောင်သူဘိုးဘေး မုဟန်ရှန်း ပင်။
မုဟန်ရှန်း က အလွန်တရာ ချောမောလှပသည့်
အမျိုးသမီးတစ်ယောက်ဖြစ်သည်။

သူမ၏အသွင်အပြင်က ယင်ရှမ်အာ နှင့်
တန်းတူ သို့မဟုတ် ထိုထက်ပင်
သာလွန်နိုင်သည်။

ဤအခိုက်တွင် မုဟန်ရှန်း ၏မျက်လုံးထဲ၌
ဖော်မပြနိုင်သည့်
ခံစားချက်အရိပ်အယောင်များရှိနေကာ
သတိလစ်နေသည့် ယန်ယဲ့ ကို
အချိန်တော်တော်ကြာစိုက်ကြည့်နေလေသည်။

"မင်းအချိန်ကုန်ပြီ! မင်းဒီမှာဆက်ရှိနေရင် သနားညှာတာခြင်းကင်းမဲ့လို့ အပြစ်မတင်နဲ့!" ထိုအချိန်တွင် အနက်ရောင်အက်ကြောင်းကြီးက ပြင်းထန်စွာ လှုပ်ရှားလာ၏။

"ဟင်း! နင် အသက်ရှင်ပြီး နတ်ဘုံကမ္ဘာ ကို တက်လာနိုင်ခဲ့ရင် ငါ နင့်ကို သေချာပေါက် သတ်ပစ်မယ်!" ထိုစကားပြောပြီးသည်နှင့် မုဟာန်ရှန်း ၏ပုံရိပ်က အပြာရောင်အလင်းလုံးတစ်ခုအဖြစ်

ပြောင်းလဲသွားကာ ချက်ချင်းပင်
ပျောက်ကွယ်သွားခဲ့သည်။

မုဟာန်ရှန်း ပျောက်ကွယ်သွားပြီးနောက်
ကောင်းကင်ရှိ
အနက်ရောင်အက်ကြောင်းကြီးကလည်း
ပျောက်ကွယ်သွားပြီး အားလုံး ပုံမှန်အတိုင်းပင်
ပြန်ဖြစ်သွား၏။
ကောင်းကင် ၏အခြေအနေအပြင်
သားရဲကေရာ၏ အပါအဝင် ရှောင်တန်းကျိ နှင့်
အခြားသူများလည်း ပုံမှန်ဖြစ်သွားကြသည်။

၆၃၅

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၅ – စွန့်ခွာကြပြီ

"ယန်ယဲ့ သေသွားပြီဆိုတာ မင်းတို့အားလုံးသိကြလား?ကောလဟာလတွေ အရဆိုရင် သူက ပန်းနန်းတော်ရဲ့အဖွဲ့ဝင်တစ်ဦးစီတိုင်းကို သတ်ဖြတ်ခဲ့တယ်။

ဒါကြောင့် အဆုံးမှာ ပန်းနန်းတော်က သီးမခံနိုင်တော့လို့ ပန်းနန်းတော်ရဲ့တည်ထောင်သူဘိုးဘေးကို သူမရဲ့ ဝိညာဉ်ကိုယ်ပွား စေလွှတ်ပေးဖို့ ဆင့်ခေါ် ခဲ့တယ်။

သောက်ကျိုးနည်း! အဲဒါက သူတော်စင် တစ်ပါးလေ။ ကမ္ဘာပေါ်မှာ သူတော်စင် တစ်ပါး တကယ်ရှိနေတာလား?"

"ဟမ်! ဒီယန်ယွဲ့ က လူအများကြီးသတ်လိုက်တဲ့အတွက် နောက်ဆုံးတော့ သူလက်စားချေခံရမှာပဲ။

ဟားဟား! ကဲ၊ တောင်ပိုင်းနယ်မြေက
လူသားကောရာဇ် ကို ဘယ်လိုတားဆီးမလဲ
ကြည့်လိုက်ရအောင်။

လော့ကျန်း နဲ့ ယန်ယဲ့ ကြားမှာရှိတဲ့
ရန်ငြိုးတွေကြောင့် ယန်ယဲ့ နဲ့
ပတ်သက်တဲ့သူတိုင်းလည်း ကပ်ဘေးဆိုးတွေ
ကြုံတွေ့ရလိမ့်မယ်!"

"ဟီးဟီး။ ဆေဘာဓားဂိုဏ်းရဲ့ စုချင်းရှီ က
ထူးထူးခြားခြား လှပတယ်လို့ ငါကြားတယ်။
ဟားဟား! လော့ကျန်း က သူမကို
လွှတ်မထားခဲ့ဘူးလို့ ငါထင်ပါတယ်။

တခြားတစ်ယောက်ယောက်က သူ့မိန်းမကို ယူသွားတာကိုသာ သိလိုက်ရရင် ဒီယန်ယဲ့ သေရာကနေ ပြန်ထလာမှာလားလို့တောင် တွေးမိတယ်။ ဟားဟား!"

"အင်း ! အခု ယန်ယဲ့ သေသွားပြီဆိုတော့ လော့ကျန်း ရဲ့လှုပ်ရှားမှုတွေကို ဘယ်သူမှ တားဆီးနိုင်တော့မှာမဟုတ်ဘူး။ လူသားကမ္ဘာက တကယ်ပဲ ပေါင်းစည်းသွားမှာလား?"

တောင်ပိုင်းနယ်မြေနှင့်

လူသားကမ္ဘာတစ်ခုလုံးပင် တုန်လှုပ်သွားကာ

မရေမတွက်နိုင်သော လူများ ယန်ယဲ့

သေဆုံးသည့်သတင်းကို ဖြန့်နေကြသည်။

...

မြင့်မြတ်သောဟန် အင်ပါယာ။

"ဟားဟား! ယန်ယဲ့ ဒီလို ကံကြမ္မာမျိုး

ကြုံရမယ် ထင်ပါတယ်။ သူတော်စင်....!

ကောင်းကင်ဘုံက ငါ့ဖက်မှာ တကယ်ရှိတယ်!"

ယန်ယဲ့ တစ်ယောက်  မုဟန်ရှန်း

၏လက်ချက်ဖြင့် သေဆုံးသွားပြီဟူသည့်

သတင်းကိုကြားပြီးနောက်

ကေရာဇ်ပုလ္လင်ပေါ်တွင် ထိုင်နေသည့်

လော့ကျန်း က

ကျယ်လောင်စွာရယ်မောလိုက်လေသည်။

သူ့စိတ်ထဲ၌ ယန်ယဲ့ ကို အလွန်အမင်း

မုန်းတီးခဲ့၏။

"ယန်ယဲ့"ဟူသော စကားလုံးသည်ပင်

သူ့နှလုံးသားတွင် 'ကြိုးထုံး' ဖြစ်လာပြီး ၎င်း

မသေဆုံးသရွေ့

ရှေ့ဆက်ကျော်လွှားနိုင်မည်မဟုတ်ပေ။

"ဂုဏ်ယူပါတယ် လူသားကောရာဇ်!"
တော်ဝင်ခန်းမ ထဲမှ စစ်ဖက်ဆိုင်ရာ
အရာရှိအားလုံး လော့ကျန်း ကို
ဂုဏ်ပြုကြသည်။

လော့ကျန်း က စိတ်လှုပ်ရှားနေမှုကို
တည်ငြိမ်အောင် ထိန်းချုပ်လိုက်ကာ
"ကျိုးကျန်းဖေး နဲ့ ကျန်းမင် တို့ကို တပ်တွေ
ပြန်ဆုတ်လာဖို့ ငါ့အမိန့်ကို
ပို့လိုက်။တောင်ပိုင်းနယ်မြေ ကို တိုက်ရိုက်
ဦးတည်စေပြီး မင်းမဲ့စရိုက်သမုဒ္ဒရာ မှာ
စခန်းချပါ။

ပြီးတော့ တပ်ရင်း ၁၀ ခု၊
ဝိညာဉ်ဖျက်ဆီးခြင်းစစ်တပ် နဲ့
တော်ဝင်အစောင့်တပ် တွေကို အသင့်ပြင်ပြီး
ချက်ချင်း ချီတက်ဖို့ အမိန့်ပေးတယ်။
မနာခံတဲ့သူအားလုံးကို သတ်ပစ်လိုက်။”

ယန်ယဲ့ သေဆုံးသွားသည်နှင့် တစ်ပြိုင်နက်
လူသားကမ္ဘာ၌ သူ့အား တားဆီးနိုင်စွမ်းရှိသော
မည်သူမျှ မကျန်တော့ပေ။

ထိုသို့ဖြစ်သဖြင့် ဂိုဏ်းများနှင့် ကလန်များ ကို ဆွေးနွေးနေစရာ (သို့) ယဉ်ကျေးဟန်ဆောင်နေရန် မလိုအပ်တော့ပေ။

“လူသားကောရာဇ်၊ ငါတို့က သိပ်ပြီးစိတ်မရှည်ဘူးမဟုတ်လား” ထိုအချိန်တွင် ခန်းမထဲမှ အခြားတစ်ဦးက ရုတ်တရက်ပြောလာသည်။

လော့ကျန်း က သူ့လက်ကို ဝှေ့ယမ်းလိုက်ပြီး "ယန်ယဲ့ က သေပြီ၊ ဒီလိုဆိုတော့ အဲဒီ သူတော်စင်တစ်ပိုင်းအဆင့် က

တောင်ပိုင်းနယ်မြေရဲ့ကိစ္စမှာ ဝင်မစွက်ဖက်ဖို့ သဘောတူတယ်။

ငါတို့စစ်တပ်ကို တောင်ပိုင်းနယ်မြေ ကို စေလွှတ်ပြီးတာနဲ့ သူတို့က ငါ့ရဲ့ မြင့်မြတ်သောဟန်အင်ပါယာကို တွန်းလှန်နိုင်မယ်လို့ မင်းထင်လား။

တောင်ပိုင်းနယ်မြေကို သိမ်းပိုက်နိုင်လိုက်တာနဲ့ မြောက်ပိုင်းနယ်မြေကို သိမ်းပိုက်ဖို့က အလွန်ဆုံးကြာမှတစ်လခွဲလောက်ပေါ့။

အဲဒါပြီးသွားရင်တော့ လူသားမျှာကြီးတစ်ခုလုံးက

ငါ့ထိန်းချုပ်မှုအောက်မှာပဲ ရှိနေတော့မှာ။

ဟားဟား!"

ဤအချိန်တွင် လော့ကျန်း က စိတ်လှုပ်ရှားမှုကို လုံးဝမဖုံးကွယ်ထားပေ။

သူသည် လူသားကမ္ဘာကို ပေါင်းစည်းနိုင်လျှင် လူသားကမ္ဘာတစ်ခုလုံး ၏ ယုံကြည်ခြင်းစွမ်းအင်ကို ပိုင်ဆိုင်ထားမည်ဖြစ်သည်။

ထိုအချိန်တွင် သိုင်းဂေါရာဇ် များကိုပင် ရင်ဆိုင်ရန် ဖြစ်နိုင်ပေသည်။

သို့တည်းမဟုတ် သူတော်စင်တစ်ပိုင်းအဆင့်
များကိုပင် ရင်ဆိုင်နိုင်ကောင်းပေလိမ့်မည်။

"ဒါပေမဲ့ ယန်ယဲ့ က မသေဘဲနဲ့
ဒဏ်ရာအပြင်းအထန်ရလို့
ကောလဟာလသတင်းပဲဖြစ်နေရင် ကော....?
သူ အသက်ရှင်နေသေးရင် ဘယ်လိုလုပ်မလဲ?"
တော်ဝင်ခန်းမတစ်ခုလုံး
တိတ်ဆိတ်ငြိမ်သက်သွားသည်။

လူတိုင်း ဝန်ခံချင်သည်ဖြစ်စေ
ဝန်မခံချင်သည်ဖြစ်စေ
ချိုးမြှောက်ခြင်းနယ်ပညာရှင် ယန်ယွဲ့ က
၎င်းတို့၏ မြင့်မြတ်သောဟန်အင်ပါယာကို
ခြိမ်းခြောက်နိုင်သည်။

သိုင်းကျောင်း များ တိုက်ခိုက်ခြင်းမပြုရန်
တားမြစ်ထားသည့်အတွက်
တိုက်ကြီးတစ်ခုလုံးမှ မည်သည့်ချိုး
မြှောက်ခြင်းနယ်ပယ်ပညာရှင် မဆို ယန်ယွဲ့
အား တားဆီးနိုင်ပါမည်လော။

အကယ်၍ ယန်ယဲ့ မသေဘဲ
၎င်းတို့၏စစ်တပ်ကို တောင်ပိုင်းနယ်မြေ သို့
စေလွှတ်လိုက်မည်ဆိုလျှင် ယန်ယဲ့
တစ်ယောက်တည်းက
မြင့်မြတ်သောဟန်အင်ပါယာတစ်ခုလုံး၏စစ်
တပ်ကို သေချာပေါက် ဖျက်ဆီးပစ်ရန်
ဖြစ်နိုင်ပေသည်။

အကယ်၍ နတ်ဆိုး မျိုးနွယ် နှင့်
နတ်ဘုရားသားရဲမျိုးနွယ် ပါ
ဝင်ရောက်စွက်ဖက်လာလျှင်

မြင့်မြတ်သောဟန်အင်ပါယာ က မည်သို့ လုပ်ဆောင် မည်နည်း။

တစ်နည်းဆိုရလျှင် ယန်ယဲ့ သေဆုံးပြီးသတင်းကိုအတည်ပြုနိုင်မှသာ စစ်တပ်က တောင်ပိုင်းနယ်မြေသို့

ချီတက်ခဲ့မည်ဆိုလျှင် ယန်ယဲ့ ဖက်တွင်ရှိနေသည့် အင်အားစုများကိုပါ သေချာပေါက် ဖြေရှင်းနိုငမည်ဖြစ်သည်။

ထိုသို့သောအခြေအနေမျိုးတွင် မြင့်မြတ်သောဟန်အင်ပါယာက တောင်ပိုင်းနယ်မြေကို အနိုင်ယူရန် လုံးဝလွယ်ကူသွားပါလိမ့်မည် ။

သို့သော် ယန်ယဲ့ အသက်ရှင်နေလျှင်

တောင်ပိုင်းနယ်မြေတစ်ခုလုံး၏အင်အားစုများ

က သေချာပေါက် တောင့်တင်းနေပေမည်။

မြင့်မြတ်သောဟန်အင်ပါယာက

တောင်ပိုင်းနယ်မြေ ကို သိမ်းယူရန်

ဖြစ်နိုင်သည့်တိုင်

ကြီးကြီးမားမားပေးဆပ်ရမည်ဖြစ်သည်။

လော့ကျန်း ၏မျက်နှာပေါ် ရှိ အပြုံးက

တင်းမာသွားသည်။

အကယ်၍ ယန်ယဲ့ အသက်ရှင်နေသေးပါက

သူ့အနေဖြင့် နယ်မြေ(၃) ခု ၏

ယုံကြည်ခြင်းစွမ်းအင်ကို

ပိုင်ဆိုင်ထားသော်လည်း ၎င်းကို

ရင်ဆိုင်နိုင်မည်ဟု ယုံကြည်ချက်မရှိပေ။

ထို့အပြင်၊

မြင့်မြတ်သောဟန်အင်ပါယာတစ်ခုလုံး၏

ခွန်အားကို အသုံးပြု၍ တောင်ပိုင်းနယ်မြေကို

သိမ်းပိုက်ရန်အတွက် ယန်ယဲ့ နှင့်

မဟာမိတ်တပ်များကို

တိုက်ခိုက်ဖျက်ဆီးပစ်မည်ဆိုလျှင်ပင်....။

မြင့်မြတ်သောဟန်အင်ပါယာက
ကြီးကြီးမားမား ဆုံးရှုံးသွားလျှင်
နတ်ဆိုးမျိုးနွယ် နှင့် နတ်ဘုရားသားရဲမျိုးနွယ်
ကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်နည်း။
ထိုအချိန်တွင် လော့ကျန်း ၏စိတ်ထဲ၌
အသံတစ်ခု ထွက်ပေါ်လာသည်။ "
သူတော်စင်တစ်ပါး ဆင်းလာတဲ့အတွက်
ယန်ယဲ့က သေချာပေါက် သေသွားပြီ။"

ထိုအသံက မြင့်မြတ်သောဟန်အင်ပါယာ
၏သူတော်စင်တစ်ပိုင်းအဆင့်

ဖြစ်နေသောကြောင့် လော့ကျန်း
၏မျက်နှာပေါ်တွင် အပြုံးတစ်ခုပေါ်လာသည်။

"တောင်ပိုင်းနယ်မြေကို ချီတက်ဖို့
အမိန့်ပေးလိုက်!"

ယန်ယဲ့ သေဆုံးကြောင်းကို သိရှိခဲ့ကြပြီး
တစ်ချိန်တည်းတွင် လော့ကျန်း ထံမှ အမိန့်ကို
ရရှိပြီးနောက် မြင့်မြတ်ဟန်အင်ပါယာ
၏စစ်တပ်များနှင့် အင်အားစုအသီးသီး က
သက်ဆိုင်ရာ အင်အားစုများကနေ
ထိပ်တန်းပညာရှင်များကို စေလွှတ်ခဲ့ကြသည်။

ကနဦးထုတ်ပြချက်အရပင်လျှင်
အင်အားစုအသီးသီးက စေလွှတ်သည့်
ချီးမြှောက်ခြင်းနယ်ပညာရှင် (၅,၀၀၀) ကျော်
ဖြစ်လေသည်။

ငင်းတို့က အနိုင်ရရန် သေချာနေသဖြင့်
ဤတစ်ကြိမ်တွင် မည်သည်ကိုမှ
ထိန်းမထားကြတော့ချေ။

ဗဟိုနယ်မြေမှ ကျင့်ကြံသူအားလုံးနီးပါး
ချီတက်လာကြခြင်းဟုပင် ဆိုနိုင်ပေသည်။

...

တောင်ပိုင်းနယ်မြေ။

"အဖေ၊ တကယ်ဆုံးဖြတ်ပြီးပြီလား"

မိုချင်းရှယ် က သူမ၏ အဖေ နှင့် ယန်ယွဲ့ကို တွေ့ဆုံရန် စေလွှတ်ခဲ့သော ဘိုးဘေးဖြစ်သည့် သက်လတ်ပိုင်းအဘိုးအိုအား စိုက်ကြည့်နေသည်။

လူလတ်ပိုင်းအရွယ်က အကူအညီမဲ့စွာ ရယ်မောပြီး "ချင်းရှယ်! ယန်ယွဲ့ သေပြီ၊

ဒါကြောင့် ငါတို့ မိုကလန်က ဒီမှာ ဆက်နေဖို့ အဓိပ္ပါယ်မရှိဘူး။ နားလည်လား?"

ယန်ယဲ့ အား ကလန် ၏ဘိုးဘေးများကို အသိအမှတ်ပြုပြီး မိုကလန် သို့ပြန်၍ခေါ်ယူချင်သောကြောင့်သာ ကူညီရန် ရောက်လာကြခြင်းပင်။

ယခုအချိန်တွင် ယန်ယဲ့ သေဆုံးသွားသောကြောင့် မိုကလန် က ရှေ့ဆက်ရန်ငြင်းဆန်ပြီး တောင်ပိုင်းနယ်မြေ နှင့်အတူ ၎င်းတို့အင်အားကို မဖြုန်းတီးလိုပေ။

" ဒါပေမဲ့ သူ အသက်ရှင်နေသေးရင် ဘယ်လိုလုပ်မလဲ"  မိုချင်းရှယ် က "သူ အသက်ရှင်နေသေးရင် ငါတို့ မိုကလန် က သူ့ကို စွန့်လွှတ်လိုက်တာဆိုတော့ ပြန်ပြီးသင့်မြတ်ဖို့ မဖြစ်နိုင်ဘူးဆိုတာ အဖေလည်း သိထားသင့်တယ်။ သူ့ရဲ့အမူအကျင့်နဲ့ဆို မိုကလန် က သေချာပေါက် ပျက်စီးသွားနိုင်တယ်။”

"မဖြစ်နိုင်ဘူး!" လူလတ်ပိုင်းအရွယ်က “ သူတော်စင်တစ်ပါး က သူ့ကို တိုက်ခိုက်ခဲ့တာလေ။ ဒါကြောင့် သူ အသက်ရှင်နေဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ချင်းရွှယ်! လော့ကျန်း က ဗဟိုနယ်မြေမှာရှိတဲ့ အင်အားစုတွေကို အကုန်လုံးစုစည်းလိုက်ပြီ။ ဒီတော့ သူ့ကို ဘယ်လိုခုခံမလဲ? ငါတို့ ဒီမှာနေနေရင် ငါတို့အသက်ကို စွန့်ရမှာ။”

မိုချင်းရွှယ် က အသက်ပြင်းပြင်းရှူပြီး "ကောင်းပြီ၊ ဒီလိုဆို အဖေက မိုကလန် ရဲ့

ကျွမ်းကျင်သူတွေကို ပြန်ခေါ်သွားပါ။ ချင်းရွှယ်က ဒီမှာပဲနေမယ်!"

“မင်း….” လူလတ်ပိုင်းအရွယ်က ဒေါသထွက်သွားသည်။

မိုချင်းရွှယ် က ဂရုစိုက်မနေတော့ဘဲ နောက်ပြန်လှည့်၍ ခန်းမထဲကနေ ထွက်လာခဲ့၏။

တစ်နာရီအကြာတွင် မိုကလန်
၏ပညာရှင်အားလုံး တောင်ပိုင်းနယ်မြေမှ
ထွက်ခွာသွားကြသည်။

...

၆၃၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၃၆ – သဘောထားကွဲလွဲမှုများ

...

ဆေဘာအားဂိုဏ်း။

စုချင်းရှီ က ရှုရှင်း ကို စိုက်ကြည့်ရင်း
"နင်လည်း ထွက်သွားမှာလား?"

ရှုရှင်း က တောင်းပန်သည့်အမူအရာဖြင့်
ခေါင်းညိတ်လိုက်ပြီး "တောင်းပန်ပါတယ်။
လော့ကျန်း က ဗဟိုနယ်မြေရဲ့
ထိပ်သီးပညာရှင်တွေအားလုံးကို စုစည်းပြီး
တောင်ပိုင်းနယ်မြေ ဆီ ချီတက်လာပြီလို့
သတင်းရခဲ့တယ်။ ငါတို့က သူ့ကို လုံးဝတားလို့

မရဘူး။ ငါ့ရဲ့ သစ်ပင်မိစ္ဆာမျိုးနွယ်ကို ငါ့လက်ထဲမှာ ဖျက်ဆီးခွင့် မပြုနိုင်ဘူး!”

"နင်က လော့ကျန်း နဲ့ ပူးပေါင်းဖို့ ရည်ရွယ်ထားတာလား။" လုကျန်းယောင် က ရုတ်တရက် ပြောလိုက်သည်။

ရှူရှင်း က ခေါင်းခါလိုက်ပြီး " ငါတို့ မြောက်ပိုင်းနယ်မြေကို သွားမယ်။ မြောက်ပိုင်းနယ်မြေရဲ့ မြောက်ပိုင်းနယ်စပ်မှာ နတ်ဆိုးနယ်မြေကို သွားတဲ့ လမ်းကြောင်းတစ်ခုရှိတယ်။

ငါတို့ ကံကြမ္မာကို စမ်းကြည့်ဖို့
ရည်ရွယ်ထားတယ်။ တကယ်မဖြစ်နိုင်ရင်...."
သူမရှင်းပြသော်လည်း သူမဆိုလိုသည်မှာ
ဤနေရာမှ လူတိုင်း အားလုံးနားလည်ကြသည်။

စုချင်းရှီ က သက်ပြင်းချပြီး သူမလက်ကို
ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့ ၏အခြေအနေကို
မသိရသေးသောကြောင့် သူမနှင့် ရှောင်ယုရှီ
တို့နှစ်ဦးလုံး အခြားသူများထက် ပို၍
ခံစားနေရလေသည်။

ဤအင်အားစုများ ထွက်ခွာရန်ပြင်နေသဖြင့်
ၡင်းတို့အတွက် ပို၍ပင် ဆိုးရွားသွားသကဲ့သို့ပင်
ခံစားလိုက်ရသည်။

ရှုရှင်း က စုချင်းရှိ နှင့်အခြားသူများကို
နောက်တစ်ကြိမ် တောင်းပန်ကာ
ခေါင်းညိတ်ပြပြီး နောက်လှည့်ကာ
ထွက်ခွာသွားခဲ့သည်။
သိပ်မကြာခင်မှာပဲ ဆေဘာဓားဂိုဏ်း
၏တောင်တန်းများမှ သစ်ပင်မိစ္ဆာမျိုးနွယ်
အားလုံး ထွက်ခွာသွားကြတော့သည်။

"နင့်ရဲ့ ရှေးဟောင်းဒိုမိန်းမြို့ မြို့သခင်အိမ်တော်ရဲ့သဘောထားက ဘယ်လိုလဲ။" စုချင်းရှီ က လုကျန်းယောင် ကို စူးစိုက်ကြည့်ကာ မေးလိုက်သည်။

လုကျန်းယောင် က "ယန်ယဲ့ မသေခင်အထိ ရှေးဟောင်းဒိုမိန်းမြို့က နင့်ဖက်မှာ အမြဲရှိနေမယ်လို့ ငါ့အဖေကပြောခဲ့တယ်။"

တစ်နည်းဆိုရသော်၊ ယန်ယဲ့ သာ အမှန်ပင်
သေဆုံးသွားပါက မြို့သခင်အိမ်တော်
သည်လည်း ထွက်ခွာသွားမည်ဖြစ်သည်။

စုချင်းရှီ လည်း အခြေအနေကို
ကောင်းကောင်းနားလည်ထားသည်။ သူမက
ခေါင်းညိတ်ပြပြီး တင်းရှောက်ယောင် ကို
စိုက်ကြည့်ရင်း "နင်ကော။
မြင့်မြတ်သောဟန်အင်ပါယာက
တောင်ပိုင်းနယ်မြေကို ချီတက်တဲ့အခါ
မင်းမဲ့စရိုက်သမုဒ္ဒရာက အဓိကကျတယ်။

ဒီတော့ လော့ကျန်း နဲ့ မပူးပေါင်းဘူးဆိုရင်
တင်းကလန် က မင်းမဲ့စရိုက်သမုဒ္ဒရာမှာ
လွှမ်းမိုးမှုလျော့ကျသွားလိမ့်မယ်။"

တင်းရှောက်ယောင် က ပြုံးပြီးပြောသည်။
"ငါ့ကလန် ရဲ့
အဖိုးတန်ပစ္စည်းတွေအားလုံးနဲ့အတူ
ကလန်တစ်ခုလုံး တောင်ပိုင်းနယ်မြေကို ရွှေ့ပြီး
လွှန်ခဲ့တဲ့ ၂ နာရီလောက်ကတည်းက
သဘော်အားလုံးကို ဖျက်ဆီးဖို့ တင်းကလန်
အဖွဲ့ဝင်တွေကို အကြောင်းကြားထားခဲ့တယ်။

အဲဒီစစ်သင်္ဘောတွေမရှိဘဲ လော့ကျန်း ရဲ့စစ်တပ်က တောင်ပိုင်းနယ်မြေ ကို အချိန်တိုတိုနဲ့ ရောက်လာနိုင်မှာမဟုတ်ဘူး။ ဒါပေမဲ့ အများဆုံးကြာ တစ်လခွဲလောက်ပဲ ကြာမယ်ထင်တယ်။

ဘာကြောင့်လဲဆိုတော့ မြင့်မြတ်သောဟာန်အင်ပါယာ အတွက်က အဲလို သင်္ဘောတွေတည်ဆောက်ဖို့ဆိုတာ မခဲယဉ်းဘူးလေ။"

တင်းရှောက်ယောင် က အရာအားလုံးကို စွန့်စားရသည့် အကြောင်းအရင်းမှာ ယန်ယဲ့ ကို ကယ်တင်ခဲ့သည့် ကလေးမလေး ကြောင့်ပင်။

"အပြင်လူ"ဆိုသည့် အဓိပ္ပါယ်ကို သူမ မသိပေ။ သို့သော်လည်း ထိုကလေးမလေးက အလွန်ကြောက်စရာကောင်းကြောင်း ရှင်းရှင်းလင်းလင်း သိထားခဲ့၏။

မုဟာန်ရှန်း ကဲ့သို့ သူတော်စင်တစ်ပါး ပင်လျှင် အနီရောင်ကြိုးမျှင်များဖြင့် ဖိနှိပ်ခံထားရပြီး

အလွှန်ထိတ်လန့်သွားစေခဲ့သည်မဟုတ်သလော
။

ယန်ယဲ့ အသက်ရှင်ရန်
အခွင့်အရေးနည်းပါးသော်လည်း
တင်းရှောက်ယောင် က ၎င်းကို
လောင်းကြေးထပ်ရန်ဆုံးဖြတ်လိုက်သည်။

အကယ်၍ သူမအနိုင်ရခဲ့ပါက ယန်ယဲ့
အသက်ရှင်နေစဉ်အချိန်အတွင်း တင်းကလန်
က ပျက်စီးမည်မဟုတ်ပေ။

ထို့အပြင် တင်းကလန် က ဆန်းကြယ်တိုက်ကြီး ၏အင်အားကြီး မဟာကလန်ကြီးတစ်ခုပင်ဖြစ်လာနိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ ၎င်းက ကြီးမားသော အလောင်းအစားတစ်ခု ပင်။

ယန်ယဲ့ သေဆုံးသွားလျှင် တင်းကလန် လည်း သေချာပေါက် ပျက်စီးသွားမည်ဖြစ်သည်။

တင်းရှောက်ယောင် ၏စကားကို ကြားသောအခါ စုချင်းရှီလည်း အနည်းငယ် အံ့သြသွားသည်။

တင်းရှောက်ယောင် လည်း
ထွက်ခွာသွားမည်ဟူ
ထင်ထားခဲ့သောကြောင့်ပင်။

သို့ရာတွင် တင်းရှောက်ယောင် က
ထွက်မသွားသည့်အပြင် တင်းကလန်
တစ်ခုလုံးအား တောင်ပိုင်းနယ်မြေ သို့
ပြောင်းရွှေ့ခဲ့၏။

"သူလည်း ငါ့ခင်ပွန်းကို သဘောကျနေတာ
ဖြစ်နိုင်သလား" စုချင်းရှို ၏စိတ်ထဲတွင်
ထိုကဲ့သို့ အဓိပ္ပါယ်မဲ့သော အတွေးတစ်ခု
ပေါ်လာခဲ့သည်...။

…

ရှေးဟောင်းဒိုမိန်းမြို့။

ယန်ယဲ့ သေဆုံးသည့်သတင်းကို

ကြားပြီးနောက် ရှေးဟောင်းဒိုမိန်းမြို့မှ

ထွက်ခွာရန် ပြင်နေသည့် အန်ကလန် နှစ်ခုလုံး

ချက်ချင်း ရပ်တန့်သွား၏။

…

တောင်ပိုင်းအန်ကလန် ။

“မြင့်မြတ်သောဟန်အင်ပါယာက

ဒီတစ်ကြိမ်မှာ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်

(၁၅,၀၀၀) ကို စေလွှတ်လိုက်တယ်။

ပြီးတော့ အဲဒီအထဲမှာ အဆင့် ၅ နဲ့အထက်က

(၆,၀၀၀)ကျော်ရှိမယ်။

ဝိညာဉ်နယ်ပယ်အလွှာအဆင့် နဲ့

သိုင်းဘုရင်အဆင့် ကျွမ်းကျင်သူတွေကတော့

မခန့်မှန်းနိုင်ဘူး။

ဒါ့အပြင် လော့ကျန်း က နင် သူ့ကို

သစ္စာဖောက်ခဲ့တာ လစ်လျူရှုပြီး

သူနဲ့လက်ထပ်မယ်ဆိုရင်

တောင်ပိုင်းအန်ကလန် က
မူလအတိုင်းရှိနေမယ်လို့
သံတမန်တစ်ဦးစေလွှတ်ပြီး ပြောခဲ့တယ်။
မဟုတ်ရင် ငါတို့ရဲ့တောင်ပိုင်းအန်ကလန် က
ဆန်းကြယ်တိုက်ကြီး မှာ ဘယ်တော့မှ
တည်ရှိတော့မှာမဟုတ်ဘူး။ဆုံးဖြတ်ချက်က
ဘာလဲ…” အနက်ရောင်ဝတ် အမျိုးသမီးက
အခန်းတွင်းရှိ အန်ပိုင်ယွဲ့ နှင့်
စကားပြောနေသည်။

###Book.34(17)